| No.1 Check dam and No. 2 Water Channel | | | |
|---|---|---|---|
| Completion (End of July 2019) | After 1 month (02 Sep. 2019) | After 3 months (15 Nov. 2019) | After 6 months (15 Feb. 2020) |
|  |  |  |  |
|  |  |  |  |
| There are no damages on the structure. The height of check dam at the behind from the ground was reduced from 1.0m to 0.7m. The gully bed height was up 30cm during 1 rainy season without erosion. It shows the water channel protects the gully bed and the check dam supports the water channel. The combination works to stop erosion progress. | | | |

## Attchement-13 Monitoring report (example)

(3) Detailed monitoring report of major structure (water diversion channel)

| Water diversion | | | |
|---|---|---|---|
| Completion (End of July 2019) | After 1 month (02 Sep. 2019) | After 3 months (15 Nov. 2019) | After 6 months (15 Feb. 2020) |
|  |  |  |  |
|  |  |  |  |
| Decomposition of the plastic bags of water diversion has been progressed and the bags are almost become soil blocks. Excavation of the water diversion shall be carried out before the rain will start. It is considered the sand bags would not be used and small soil embankment would be used. | | | |

# ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

၂၀၂၀ခုနှစ်၊ ဇူလိုင်လ

ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ

(JICA)

NIPPON KOEI CO., LTD./Japan Forest Technology Association/

Asia Air Survey Co., Ltd.

# မာတိကာ

1. မိတ်ဆက်ခြင်း........................................................................................................1

1.1 မိတ်ဆက်ခြင်း/JICA စီမံကိန်း၏နောက်ခံအကြောင်း .....................................................1

1.2 စာတမ်း၏ ရည်ရွယ်ချက် ...............................................................................................1

1.3 စာတမ်း၏ ဦးတည်ချက်များ ..........................................................................................2

1.4 စာတမ်း၏ ပေါင်းစပ်ဖွဲ့စည်းပုံ .........................................................................................2

2. အသေးစိတ်လုပ်ငန်းစဉ်များပြင်ဆင်ရာတွင် အသုံးပြုသောစာတမ်းများ...............................2

2.1 ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ အနှစ်ချုပ်.....................................................2

3. ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံအတွက် အသေးစိတ်လုပ်ငန်းစဉ်များ .....................7

3.1 (အခန်း ၁) ဦးတည်ကမ်းပါး ရွေးချယ်ခြင်း ....................................................................7

3.1.1 ရွေးချယ်မှု စံနှုန်းများ ..............................................................................................7

3.1.2 ဦးတည်ကျေးရွာများနှင့် ညှိနှိုင်းဆွေးနွေးခြင်း ........................................................9

3.2 (အခန်း ၂) ကွင်းဆင်းထောက်လှမ်းခြင်း.........................................................................9

3.2.1 ကမ်းပါး တည်နေရာ ..................................................................................................9

3.2.2 ကမ်းပါး၏အခြေအနေနှင့် အတိုင်းအတာ ....................................................................9

3.2.3 အခြေအနေ စိစစ်ခြင်း............................................................................................ 10

3.3 (အခန်း ၃) ကွင်းဆင်းလေ့လာခြင်း (Survey) ............................................................. 11

3.3.1 Plan view drawing .............................................................................................. 11

3.3.2 Longitudinal profile............................................................................................. 11

3.3.3 Major cross-section ............................................................................................. 11

3.4 (အခန်း - ၄) ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ ဒီဇိုင်းပြင်ဆင်ခြင်း ................. 12

3.4.1 ကမ်းပါးပြိုမှုဖြစ်ရသည့် အကြောင်းရင်းစိစစ်ချက်အပေါ် အခြေခံသည့် တန်ပြန်မှုအစီအမံ၏အခြေခံသဘောတရား.................................................................13

3.4.2Distribution of the structures, formation designing အဆောက်အအုံများ၏ပျံ့နှံ့မှု ၊

တည်ဆောက်ပုံဒီဇိုင်း။......................................................................................15

3.4.3 အဆောက်အအုံတစ်ခုချင်းစီ၏ ဒီဇိုင်း ............................................................... 18

3.4.4 ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ထည့်စဉ်းစားခြင်း........... 20

3.4.5 ပစ္စည်းပမာဏ တွက်ချက်ခြင်း...................................................................... 22

3.4.6 ခန့် မှန်းကုန်ကျစရိတ် တွက်ချက်ခြင်း............................................................. 22

3.5 (အခန်း ၅) ဆောက်လုပ်ရေး အစီအစဉ်(Construction planning) .............................. 24

3.5.1 လုပ်ငန်းစတင်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိခြင်းနှင့် လုပ်ငန်းပြီးချိန် ပြန်လည် သိမ်းဆည်းခြင်း (Mobilization and demobilization) ................................................ 25

3.5.2 ပင်မအဆောက်အအုံများ၏ တည်ဆောက်ရေးအဆင့်များ ...................................... 25

3.5.3 ဆောက်လုပ်ရေး အစီအစဉ်ဇယား ရေးဆွဲခြင်း.................................................... 26

3.5.4 ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံ ............................................................ 26

3.6 (အခန်း -၆) ဆောက်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း ........................................ 27

3.6.1 ပစ္စည်းဝယ်ယူရေးနှင့်ပို့ ဆောင်ရေး အစီအမံ ....................................................... 27

3.6.2 ကျေးရွာများမှ အလုပ်သမားစုဆောင်းမှုကို အတည်ပြုခြင်း..................................... 28

3.7 (အခန်း -၇) ဆောက်လုပ်ခြင်း ......................................................................... 28

3.7.1 ကြိုတင်ပြင်ဆင်မှု လုပ်ငန်း............................................................................ 28

3.7.2 နန်းထိန်းတမံတည်ဆောက်ခြင်း ..................................................................... 29

3.7.3 ရေလမ်းကြောင်းတည်ဆောက်ခြင်း ................................................................. 32

3.7.4 မြေပေါ်ရေလွှဲလမ်းကြောင်း တည်ဆောက်ခြင်း .................................................. 33

3.7.5 အပင်စိုက်ပျိုးခြင်း ......................................................................................... 33

3.7.6 Demobilization/ ပြန်လည်သိမ်းဆည်းခြင်း......................................................... 34

3.8 (အခန်း ၈) စစ်ဆေးခြင်း ................................................................................. 34

3.8.1 အရည်အသွေး စစ်ဆေးခြင်း............................................................................. 34

3.8.2 တိုးတက်မှု စစ်ဆေးခြင်း................................................................................. 35

3.9 (အခန်း ၉) ဆောက်လုပ်ရေး၏ မှတ်တမ်း ............................................................ 37

3.9.1 နေ့ စဉ် အစီရင်ခံစာ ........................................................................................ 37

3.9.2 ဆောက်လုပ်ရေး အစီအစဉ်ဇယား၏ ကြိုတင်အစီအမံနှင့်အောင်မြင်မှု

(plan & achievement) ကိုနှိုင်းယှဉ်ခြင်း.................................................................... 37

3.9.3 ဒီဇိုင်းပြောင်းလဲမှု မှတ်တမ်း ............................................................................. 37

3.9.4 As build drawing ............................................................................................ 38

3.10 (အခန်း ၁၀) စောင့်ကြည့်လေ့လာခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း.................................... 38

3.10.1 စောင့်ကြည့်လေ့လာရေး အစီအစဉ် ................................................................ 38

3.10.2 စောင့်ကြည့်လေ့လာရေး နည်းလမ်း ................................................................ 39

3.10.3 စောင့်ကြည့်လေ့လာရေး မှတ်တမ်း ................................................................. 39

3.10.4 ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း ......................................................................... 40

နောက်ဆက်တွဲ စာရင်း

နောက်ဆက်တွဲ (၁) ကမ်းပါးအခြေအနေဖြည့်သွင်းခြင်း မှတ်တမ်း(နမူနာပုံစံ)
နောက်ဆက်တွဲ (၂ ) plan view drawing (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၃) Longitudinal profile (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၄) Cross section drawing (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၅) ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၆) ကုန်ကျစရိတ်ခန့် မှန်းတွက်ချက်မှု (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၇) ဆောက်လုပ်ရေး အစီအစဉ်ဇယား (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)
နောက်ဆက်တွဲ (၈) အရေးပေါ် ချိတ်ဆက်မှုကွန်ယက် (နမူနာပုံစံ)
နောက်ဆက်တွဲ (၉) နေ့ စဉ်အစီရင်ခံစာ(နမူနာပုံစံ)
နောက်ဆက်တွဲ(၁၀) ဆောက်လုပ်ရေး အစီအစဉ်ဇယား (နမူနာပုံစံ)
နောက်ဆက်တွဲ(၁၁) ဒီဇိုင်းပြောင်းလဲမှု မှတ်တမ်း (နမူနာပုံစံ)
နောက်ဆက်တွဲ(၁၂) As build drawing (နမူနာပုံစံ)
နောက်ဆက်တွဲ(၁၃) စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ (နမူနာပုံစံ)

ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

# 1. မိတ်ဆက်ခြင်း

## 1.1 မိတ်ဆက်ခြင်း/ JICA စီမံကိန်း၏ နောက်ခံအကြောင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာ၊ သစ်တောဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့အကြား ဆွေးနွေးချက်မှတ်တမ်း Record of Discussion (R/D) နှင့်အညီ ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သော "သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ခြင်း စီမံကိန်းဖြစ်ပါသည်။ (နောက်ပိုင်းတွင် FDSNR ဟု အတိုကောက် သုံးနှုန်းသွားမည်ဖြစ်ပါသည်။) စီမံကိန်းကို ၂၀၁၈ ဖွန်လတွင် စတင်ခဲ့ပါသည်။ FDSNR ၏ အဓိက ရည်ရွယ်ချက်မှာ အောက်ပါ လုပ်ငန်းစဉ် ၃ခု ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည်များ အားကောင်းလာစေရန်ဖြစ်ပါသည်။ (၁) သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ (၂) အင်းလေးကန် ရေဝေရေလဲဒေသတွင် ဘက်စုံရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်း နှင့် (၃) ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းခြင်းအတွက် သိပ္ပံဆိုင်ရာအခြေခံအချက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါသည်။

လုပ်ငန်းစဉ်တစ်ခုချင်းစီတွင် မတူညီသောရည်ရွယ်ချက်များရှိပြီး ဦးတည်လုပ်ဆောင်သော target groups များမှာလည်း မတူညီကြပါ။ လုပ်ငန်းစဉ် (၂) သည် အင်းလေးကန် ရေဝေရေလဲဒေသ ဘက်စုံစီမံအုပ်ချုပ်မှု အားကောင်းစေရန် အဓိကရည်ရွယ်ပြီး အင်းလေးကန်အတွင်း နုန်းအနည်များ ပို့ချမှုလျှော့နည်းစေရန်နှင့် နောက်ဆုံးတွင် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။ လုပ်ငန်းစဉ် (၂) ၏ပထမအဆင့်(First Phase) အနေဖြင့် သိပ္ပံဆိုင်ရာ ဆန်းစစ်မှုအတွက် အချက်အလက်များ ကောက်ယူခြင်းနှင့် ဘက်စုံရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှုအတွက် ထိရောက်သော လုပ်ဆောင်ချက်နည်းနာများ ဆုံးဖြတ်ခြင်းကို ၂၀၁၉ခုနှစ် မတ်လ မှ ၂၀၂၀ခုနှစ် ဩဂုတ်လ အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ စီမံကိန်းပထမအဆင့်(First Phase)၏ လုပ်ငန်းဆောင်ရွက်မှု အစိတ်အပိုင်းအနေဖြင့် ကမ်းပါးပြိုမှု ထိန်းချုပ်ရေးနှင့် ရေရှည်တည်တံ့သော မြေနှင့် သစ်တောမြေ စီမံအုပ်ချုပ်မှုများကို trial အနေဖြင့် ကွင်းဆင်းလုပ်ဆောင်ခဲ့ပါသည်။

လုပ်ငန်းစဉ် ၂ ၏ ဒုတိယအဆင့် (Second Phase)ကို ၂၀၂၀ခုနှစ် ဇူလိုင်လတွင် စတင်ရန် လျာထားပြီး ဆုံးဖြတ်ထားသော လုပ်ဆောင်ချက်နည်းနာများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သစ်တောဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန ကဲ့သို့သော သက်ဆိုင်ရာ ဌာနများ၏ အရာရှိများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤစာတမ်းသည် အင်းလေးကန်ရေဝေရေလဲဒေသ အသစ်အတွက် ကမ်းပါးပြိုမှု ထိန်းချုပ်ရေးဆိုင်ရာ တန်ပြန်မှုအစီအမံအဖြစ် မူကြမ်းရေးဆွဲခြင်းဖြစ်ပါသည်။

## 1.2 စာတမ်း၏ ရည်ရွယ်ချက်

ဤစာတမ်းသည် စီမံကိန်း ပထမအဆင့်၏ နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်ချက်တစ်ခုဖြစ်ပြီး အင်းလေးကန် ရေဝေရေလဲဒေသရှိ ကမ်းပါးပြိုမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်ကို အဓိကထားပါသည်။ ဤစာတမ်းအား အထက်ဖော်ပြပါ ရှေ့ ပြေးလုပ်ငန်းများကိုအခြေခံ၍ စီမံကိန်း ပထမအဆင့် (project Phase 1)အတိုင်း ဆက်လက်လုပ်ဆောင်ကာ " စီမံကိန်းဒုတိယအဆင့် - Project Phase 2" အကောင်အထည်ဖော် ဆောင်ရွက်သည့် ကာလအတွင်း ပြန်လည်ပြုပြင်မည်ဖြစ်ပါသည်။

ဤစာတမ်းတွင် ကမ်းပါးပြိုမှုထိန်းချုပ်ရေးအစီအမံဆိုင်ရာ သတိထားရမည့် အခြေခံအချက်များနှင့် ဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းများ စသော လုပ်ငန်းစဉ်များကိုဖော်ပြထားပါသည်။ ဤစာတမ်းသည် မြန်မာမှုဖြင့်ဖော်ပြသော ပထမဆုံးစာတမ်းဖြစ်ပြီး လုပ်ငန်းစဉ်နှင့် နည်းပညာဆိုင်ရာ ရှင်းလင်းချက်များကို ဖော်ပြထားသော်လည်း နန်းထိန်းတမံ၏ မြေအောက် Levelမှ အမြင့်၊ မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်ရမည်ကဲ့သို့သော စံနှုန်းများကိုမူ အသေးစိတ် ရှင်းလင်းထားမှုမရှိပေ။ အဆိုပါအချက်များပါဝင်သောမူကို လာမည့် စီမံကိန်းဒုတိယအဆင့် (Project Phase 2) တွင် မွန်းမံထည့်ဝင်မည်ဖြစ်ပါသည်။

JICA ကျွမ်းကျင်ပညာရှင်အဖွဲ့၏ ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလတွင် ရေးဆွဲသော " Overall Plan of Gully Erosion Control" အရ အင်းလေးကန်ဧရိယာတွင် ကမ်းပါးအမျိုးအစား (၆)မျိုးရှိသည်။ အရွယ်အစား သေးငယ်သည့် ကမ်းပါးကိုမည်သည့်တန်ပြန်မှုအစီအမံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊ အရွယ်အစားပိုမိုကြီးမားသောကမ်းပါးကို မည်သည့်တန်ပြန်မှုအစီအမံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည် စသည်ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် အကြံပြုခဲ့ကြပါသည်။ ယုခုစီမံကိန်းသည် အရွယ်အစားသေးငယ်သောကမ်းပါး အမျိုးအစားကိုသာ အဓိကထားသဖြင့် ဤစာတမ်းတွင် စီမံကိန်းပထမအဆင့် (Project Phase 1) ၏ရှေ့ပြေးလုပ်ငန်းအတိုင်းသာ ပါဝင်မည်ဖြစ်ပါသည်။

## 1.3 စာတမ်း၏ ဦးတည်ချက်များ

ဤစာတမ်းသည် အခြေခံအားဖြင့် လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များနှင့် အင်းလေးကန်ရေဝေရေလဲဒေသနှင့်သက်ဆိုင်သော သစ်တောအရာရှိများကို ဦးတည်ပါသည်။ ဤစာတမ်းကို စီမံကိန်း လုပ်ငန်းစဉ် (၂) ၏ "2nd phase" အတွင်း ကွင်းဆင်းဆောင်ရွက်မှုများမှတဆင့် ကမ်းပါးပြိုမှု ထိန်းချုပ်ရေးအတွက် နည်းပညာဆိုင်ရာလမ်းညွှန်အဖြစ် အပြီးသတ်ပြင်ဆင်မှု ပြုလုပ်မည်ဖြစ်ပါသည်။ ဤလမ်းညွှန်သည် သစ်တောဦးစီးဌာန(FD)နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (IWUMD)၏ အရာရှိများ "technical officials" အတွက် အထွေထွေနည်းပညာဆိုင်ရာလမ်းညွှန် "common technical guideline" အနေဖြင့် ရှမ်းပြည်နယ်အတွက်သာမက အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ပါ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

## 1.4 စာတမ်း၏ ပေါင်းစပ်ဖွဲ့စည်းပုံ

ဤစာတမ်းတွင် အခန်း(၃)ခန်းပါဝင်ပါသည်။ အခန်း (၁) တွင် စီမံကိန်း၏ နောက်ခံအကြောင်းအရာနှင့် ဤစာတမ်းအကြောင်းကို မိတ်ဆက်ခြင်း၊ အခန်း (၂) တွင် ဤစာတမ်းပြင်ဆင်ရာတွင် အပြည့်အဝ အသုံးပြုသော ကိုးကားစာတမ်းများကို အနှစ်ချုပ်ဖော်ပြခြင်း၊ အခန်း(၃)တွင် ကမ်းပါးပြိုမှုထိန်းချုပ်ရေးဆိုင်ရာ တန်ပြန်မှုအစီအမံအတွက် အသေးစိတ်လုပ်ငန်းစဉ်များနှင့် အလုံးစုံသောလုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။ စာတမ်းတွင် ပညာရပ်ဆိုင်ရာ ဝေါဟာရများကိုဖော်ပြသော နည်းပညာဆိုင်ရာ မှတ်စုအချို့လည်း ပါဝင်ပါသည်။

# 2. အသေးစိတ်လုပ်ငန်းစဉ်များပြင်ဆင်ရာတွင် အသုံးပြုသောစာတမ်းများ

## 2.1. ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ အနှစ်ချုပ်

အင်းလေးကန်ရေဝေရေလဲဒေသရှိ ကမ်းပါးပြိုမှုထိန်းချုပ်ရေးဆိုင်ရာ အလုံးစုံလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

၁) ဦးတည်ကမ်းပါး ရွေးချယ်ခြင်း (Selection of target gully)

၂) ကွင်းဆင်း ထောက်လှမ်းခြင်း (Field reconnaissance)

၃) ကွင်းဆင်းလေ့လာခြင်း (Survey)

၄) ဒီဇိုင်းပြင်ဆင်ခြင်း (Design Preparation)

၅) ဆောက်လုပ်ရေး အစီအစဉ် (Construction Planning)

၆) ဆောက်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း (Advance preparation for the construction)

၇) ဆောက်လုပ်ခြင်း( Construction)

၈) စောင့်ကြည့်လေ့လာခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း (Monitoring and Maintenace)

အထက်တွင်ဖော်ပြထားသောအကြောင်းအရာတစ်ခုချင်းစီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။ အောက်ဖော်ပြပါ အခန်းများတွင် အကြောင်းအရာအပေါ်အခြေခံ၍ အခန်းတစ်ခုချင်းစီအတွက် လုပ်ငန်းများနှင့် အလေးထားရမည့်အချက်များကိုဖော်ပြထားပါသည်။

**ကမ်းပါးပြိုမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်အတွက် ပါဝင်သည့်အကြောင်းအရာများနှင့် လုပ်ငန်းများ**

| ပါဝင်သည့်အကြောင်းအရာများ | ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများ |
|---|---|
| 3.1 အခန်း-၁<br>ဦးတည်ကမ်းပါး ရွေးချယ်ခြင်း | 3.1.1 ရွေးချယ်မှုစံနှုန်း သတ်မှတ်ခြင်း<br>3.1.2 ဦးတည်ကျေးရွာများနှင့် ညှိနှိုင်းဆွေးနွေးခြင်း |
| 3.2 အခန်း -၂<br>ကွင်းဆင်းထောက်လှမ်းခြင်း | 3.2.1 ကမ်းပါး တည်နေရာ<br>3.2.2. ကမ်းပါး၏အခြေအနေနှင့် အတိုင်းအတာ<br>3.2.3 အခြေအနေ စိစစ်ခြင်း |
| 3.3 အခန်း -၃<br>ကွင်းဆင်းလေ့လာခြင်း | 3.3.1 Plan view drawing ရေးဆွဲခြင်း<br>3.3.2 Longitudinal profile ကောက်ခြင်း<br>3.3.3 Major cross section တိုင်းတာခြင်း |
| 3.4 အခန်း -၄<br>ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ ဒီဇိုင်းပြင်ဆင်ခြင်း | 3.4.1 ကမ်းပါးပြိုမှုဖြစ်ရသည့် အကြောင်းရင်းစိစစ်ချက်အပေါ်အခြေခံသည့်တန်ပြန်မှုအစီအမံ၏အခြေခံသဘောတရား<br>၁) ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ ရည်ရွယ်ချက်<br>၂)ကမ်းပါးပြိုမှုဖြစ်ရသည့် အကြောင်းရင်းစိစစ်ချက် |

| | |
|---|---|
| | အပေါ် အခြေခံသည့် အခြေခံသဘောတရား<br><br>3.4.2 အဆောက်အအုံများ၏ပုံ နှံ့ မှု ၊ တည်ဆောက်ပုံဒီဇိုင်း။<br><br>၁)နန်းထိန်းတမံ တည်ဆောက်ပုံ အဆင့်ဆင့်<br><br>၂) ကမ်းပါးကြမ်းပြင် ထောင့်မျဉ်း<br><br>၃) နန်းထိန်းတမံအမြင့်နှင့် တည်ဆောက်ပုံအကြားဆက်သွယ်မှု<br><br>၄) နန်းထိန်းတမံ၏ စမှတ်<br><br>3.4.3 အဆောက်အအုံတစ်ခုချင်းစီ၏ ဒီဇိုင်း<br><br>၁) နန်းထိန်းတမံ<br><br>၂) ရေလမ်းကြောင်း<br><br>၃) ရေလွှဲလမ်းကြောင်း<br><br>3.4.4 ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ ထည့်စဉ်းစားခြင်း<br><br>၁) နန်းထိန်းတမံအတွက် ပစ္စည်းကိရိယာများ<br><br>၂) အခြားအဆောက်အအုံများအတွက် ပစ္စည်းများ<br><br>3.4.5 ပစ္စည်းပမာဏ တွက်ချက်ခြင်း<br><br>3.4.6 ခန့် မှန်းကုန်ကျစရိတ် တွက်ချက်ခြင်း<br><br>၁) တိုက်ရိုက်ကုန်ကျစရိတ် အမျိုးအစား<br><br>၂) တိုက်ရိုက်ကုန်ကျစရိတ် တွက်ချက်ခြင်း |
| 3.5 အခန်း -၅<br><br>ဆောက်လုပ်ရေး အစီအစဉ် (Construction planning) | 3.5.1 လုပ်ငန်းစတင်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိခြင်းနှင့်လုပ်ငန်းပြီးချိန်ပြန်လည်သိမ်းဆည်းခြင်း (Mobilization and demobilization)<br><br>3.5.2 ပင်မအဆောက်အအုံများ၏ တည်ဆောက်ရေး အဆင့်များ<br><br>၁) နန်းထိန်းတမံ<br><br>၂) ရေလမ်းကြောင်း |

| | |
|---|---|
| | ၃) ရေလွှဲလမ်းကြောင်း<br>3.5.3 ဆောက်လုပ်ရေး အစီအစဉ်ဇယားရေးဆွဲခြင်း<br>3.5.4 ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံ<br>၁) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအမံ (ဦးထုပ်၊ လက်အိတ်၊ ဘိနပ် … စသည်ဖြင့်)<br>၂) အရေးပေါ်အခြေအနေထိန်းချုပ်ရေး အစီအမံ (အရေးပေါ် ချိတ်ဆက်မှုကွန်ယက်) |
| 3.6 အခန်း -၆<br>ဆောက်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း | 3.6.1 ပစ္စည်းဂယ်ယူရေးနှင့်ပို့ ဆောင်ရေး အစီ အမံ<br>3.6.2 ကျေးရွာများမှ အလုပ်သမားစုဆောင်းမှုကို အတည်ပြုခြင်း |
| 3.7 အခန်း -၇<br>ဆောက်လုပ်ခြင်း | 3.7.1 ကြိုတင်ပြင်ဆင်မှုလုပ်ငန်း<br>၁) အလုပ်သမားစုဆောင်းခြင်း<br>၂) ယာယီတဲ ပြင်ဆင်ခြင်း<br>၃) ပစ္စည်းသယ်ယူပို ့ဆောင်ရေးလမ်းကြောင်း (ပစ္စည်းတင်/ချလမ်း)ပစ္စည်းသိုလှောင်ရန်နေရာ<br>၄) ဘိလပ်မြေဖျော်စက်နေရာ ပြင်ဆင်ခြင်း<br>3.7.2 နန်းထိန်းတမံ တည်ဆောက်ခြင်း<br>၁) အဆောက်အအုံနေရာ အတည်ပြုခြင်း<br>၂) မြေပေါ်တွင် ငုတ်တိုင်များဖြင့် အမှတ်အသား ပြုလုပ်ခြင်း( ဗဟိုမျဉ်း၊ မြေညှိရန်အတွက် bench mark … စသည်ဖြင့်)<br>၃) မြေတူးဖော်ခြင်းလုပ်ငန်း<br>၄) ပန်းရံလုပ်ငန်း<br>3.7.3 ရေလမ်းကြောင်းတည်ဆောက်ခြင်း<br>၁) ရေလမ်းကြောင်းနေရာ အတည်ပြုခြင်း<br>၂) ရေလမ်းကြောင်းတူးဖော်ခြင်း |

| | |
|---|---|
| | ၃) ကျောက်စီခြင်း<br>3.7.4 မြေပေါ်ရေလွှဲလမ်းကြောင်း တည်ဆောက်ခြင်း<br>၁) ရေလွှဲလမ်းကြောင်းနေရာ အတည်ပြုခြင်း<br>၂) မြေပေါ်ရေလွှဲလမ်းကြောင်း တူးဖော်ခြင်း<br>3.7.5 အပင်စိုက်ပျိုးခြင်း<br>၁) စိုက်ပျိုးရေးဇရိယာ<br>၂) သဘာဝအပင် စိုက်ပျိုးရေး<br>၃) အပင်စိုက်ပျိုးရေး လုပ်ငန်း<br>3.7.6 Demobilization/ ပြန်လည်သိမ်းဆည်းခြင်း<br>၁) ယာယီတဲ ဖယ်ရှားခြင်း<br>၂) site သန့် ရှင်းရေးလုပ်ခြင်း |
| 3.8 အခန်း -၈<br>စစ်ဆေးခြင်း | 3.8.1 အရည်အသွေး စစ်ဆေးခြင်း<br>၁) ကျောက်<br>၂) သဲ<br>၃) ဘိလပ်မြေ<br>3.8.2 တိုးတက်မှု စစ်ဆေးခြင်း<br>၁) နန်းထိန်းတမံ<br>၂) ရေလမ်းကြောင်း<br>၃) ရေလွှဲလမ်းကြောင်း |
| 3.9 အခန်း - ၉<br>ဆောက်လုပ်ရေး၏ မှတ်တမ်း | 3.9.1 နေ့ စဉ် အစီရင်ခံစာ<br>3.9.2 ဆောက်လုပ်ရေး အစီအစဉ်ဇယား၏ ကြိုတင်အစီအမံနှင့်အောင်မြင်မှု (plan & achievement)ကို နှိုင်းယှဉ်ခြင်း<br>3.9.3 ဒီဇိုင်းပြောင်းလဲမှု မှတ်တမ်း<br>3.9.4 as build drawing |

| | |
|---|---|
| 3.10 အခန်း - ၁၀<br>စောင့်ကြည့်လေ့လာခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | 3.10.1 စောင့်ကြည့်လေ့လာရေး အစီအစဉ်<br>3.10.2 စောင့်ကြည့်လေ့လာရေး နည်းလမ်း<br>3.10.3 စောင့်ကြည့်လေ့လာရေး မှတ်တမ်း<br>3.10.4 ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း |

ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

## 3. ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံအတွက် အသေးစိတ်လုပ်ငန်းစဉ်များ

### 3.1 (အခန်း -၁) ဦးတည်ကမ်းပါး ရွေးချယ်ခြင်း

#### 3.1.1 ရွေးချယ်မှုစံနှုန်းများ

စီမံကိန်း ပထမအဆင့် (Phase 1)၏ ဦးတည်ကမ်းပါးရွေးချယ်မှုစံနှုန်းကို အောက်တွင်ဖော်ပြထားသည်။

**ဇယား 3.1-1 ဦးတည်ကမ်းပါး ရွေးချယ်ရေးစံနှုန်းများ**

| ရွေးချယ်မှုစံနှုန်း | ဖော်ပြချက် |
|---|---|
| 1. ကမ်းပါးအမျိုးအစား | ➢ အပင်မရှိသော အလယ်အလတ်အရွယ် ကမ်းပါး*1<br>➢ အထူးသဖြင့် ကမ်းပါးပြိုမှုထိန်းချုပ်ရေး ပထမအဆင့်အတွက် အသေးစားအရွယ်ကမ်းပါးသည် အထူးသင့်တော်ပါသည်။ |
| 2. သွားလာရေးလွယ်ကူမှု | ➢ ပစ္စည်းများတင်ချနိုင်ရေး လမ်းမှ လုပ်ငန်းတည်နေရာ (site) သို့ ကောင်းမွန်စွာသွားလာနိုင်ရန် လိုအပ်ပါသည်။<br>➢ လုပ်ငန်းတည်နေရာ (site) နှင့်အဓိကမြို့ များဖြစ်သည့် ကလော (သို့ ) အောင်ပန်းတို့ အကြား ပို့ ဆောင်ရေး ကြာချိန် (၁) နာရီအတွင်းဖြစ်ရမည်။ |
| 3. ကျေးရွာသူ/သားများနှင့် သဘောတူညီမှုရယူခြင်း | ➢ ကမ်းပါးရှိသောမြေနေရာများသည် များသောအားဖြင့် ကျေးရွာသူ/သားများအသုံးပြုလျက်ရှိသောမြေနေရာများ ဖြစ်ပြီး အစိုးရစီမံခန့် ခွဲမှုအောက်တွင်မရှိပေ။ ထို့ ကြောင့် ကျေးရွာသူ/သားများထံမှ သဘောတူညီမှု ရရှိရေး တောင်းဆိုရန် လိုအပ်ပါသည်။<br>➢ ဆောက်လုပ်ရေးလုပ်ငန်းအများစုကို တိုက်ရိုက် တည်ဆောက်ရေးနည်းလမ်းဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ကန်ထရိုက်ဖြင့်ဆောင်ရွက်သည့်နည်းလမ်းကိုမသုံးပါ။ လိုအပ်ပါက သစ်တောဦးစီးဌာနမှ ကျေးရွာရှိ အလုပ်သမားများကို ငှားရမ်းဆောင်ရွက်မည်။ |
| 4. ကမ်းပါးသည် အခြားတည် | ➢ အကယ်၍ ကမ်းပါးပြိုမှုသည် လမ်းမကြီးကဲ့သို့ သော |

| | |
|---|---|
| ဆောက်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်သောကမ်းပါးပြိုမှုမဖြစ်ရ | အခြေခံအဆောက်အအုံမှ စီးဆင်းလာသောရေကြောင့် ဖြစ်ပေါ်ပါက အဆိုပါကမ်းပါးကို သက်ဆိုင်ရာ အခြေခံ အဆောက်အအုံကို စီမံခန့်ခွဲသည့် ဌာနက ပြုပြင်ထိန်းသိမ်းရမည်။<br>➢ သစ်တောဦးစီးဌာနအတွက်မူ သဘာဝကြောင့် ဖြစ်ပေါ်သော ကမ်းပါးများကိုသာ ရွေးချယ်ရမည်။ |

မှတ်ချက် *1 သည် အောက်ဖော်ပြပါ ကမ်းပါးအမျိုးအစားဇယားကို ရည်ညွှန်းပါသည်။

ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

အင်းလေးကန်ရေဝေရေလဲဒေသရှိ ကမ်းပါးအမျိုးအစားကို အောက်ပါဇယားအတိုင်း (၆)မျိုးခွဲခြားထားပါသည်။

**ဇယား 3.1-2 ကမ်းပါးအမျိုးအစားများ**

| | ကမ်းပါးအမျိုးအစား | ဖြစ်ပေါ်သည့်နေရာ | အကျယ် | အပင်ပေါက်ရောက်မှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|
| 1. | သဘာဝရေစီးကြောင်းအမျိုးအစား | မြေပြန့် | ၂မီတာခန့် | မြက်၊ ချုံ နှင့် မြေလုပ်(အချို့ ပုံစံ) | |
| 2. | တောင်အမျိုးအစား | တောင် | - | - | ကြီးကြီးမားမား မျက်နှာပြင်တိုက်စားမှုမျိုး ပါဝင်သည်။ |
| 3. | အလယ်အလတ်အရွယ်အပင်ရှိသည့်အမျိုးအစား | တောင်ပေါ်ဧရိယာ | ၅~၁၅မီတာ | မြက်၊ချုံနှင့် သစ်ပင်အရှည်များ | 1,2 နှင့်နှိုင်းယှဉ်ပါက အနက်ကိုအတည်ပြုနိုင်သည် |
| 4. | အလယ်အလတ်အရွယ်အပင်မရှိသည့်အမျိုးအစား | အထက်ပါအတိုင်း | အထက်ပါအတိုင်း | မြေလုပ် | |
| 5. | အကြီးစားအရွယ်အပင်ရှိသည့်အမျိုးအစား | အထက်ပါအတိုင်း | ၁၅မီတာအထက် | မြက်၊ ချုံနှင့် သစ်ပင်ရှည်များ | |
| 6. | အကြီးစားအရွယ်အပင်မရှိသည့်အမျိုးအစား | အထက်ပါအတိုင်း | အထက်ပါအတိုင်း | မြေလုပ် | |

မှတ်ချက်။ အမျိုးအစား 3&4 သည် အလယ်အလတ်၊ သေး၊ အလွန်သေး စသောအရွယ်အစားများပါဝင်ပြီး အနက်သည် ၁၅ မီတာအောက်ရှိသည်။

အမျိုးအစား 5&6 သည် အလွန်ကြီးသော အရွယ်အစားများဖြစ်ပြီး အနက်နှင့် အကျယ်သည် ၂၀ မီတာထက်ပိုပါသည်။

### 3.1.2 ဦးတည် ကျေးရွာများနှင့် ညှိနှိုင်းဆွေးနွေးခြင်း

ဦးတည်ကမ်းပါးအများစုသည် အစိုးရစီမံခန့်ခွဲမှုအောက်တွင်မရှိသော နေရာများဖြစ်သည်။ သို့ဖြစ်၍ ကမ်းပါးပြိုမှုထိန်းချုပ်ရေးအတွက် တန်ပြန်မှုအစီအမံအဖြစ် ကျေးရွာသူ/သားများ၏ လိုအပ်ချက် (သို့) သဘောတူညီမှုကိုရယူရပါမည်။ ထို့အပြင် သစ်တောဦးစီးဌာနမှ တိုက်ရိုက်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပါက ကျွမ်းကျင်လုပ်သားအပါအဝင် အလုပ်သမားအများစုကို ကျေးရွာမှ ငှားရမ်းသုံးစွဲရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကမ်းပါးပြိုမှုထိန်းချုပ်ရေးလုပ်ငန်းများ မစတင်မီ အောက်ပါအချက်များကို ကျေးရွာသူ/သားများနှင့် သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

၁) ကမ်းပါးပေါ်ရှိ ဆောက်လုပ်ရေး

၂) ကျေးရွာများမှ ကျွမ်းကျင်လုပ်သားနှင့် အခြားလုပ်သားများ ရှာဖွေငှားရမ်းခြင်း

၃) ကနဦးတည်ဆောက်ရေးကာလတွင် တစ်ရက်လျင်ကျွမ်းကျင်လုပ်သား/ အလုပ်သမား အရည်အတွက်၊ အလုပ်သမားအမျိုးအစားအလိုက် လုပ်အားခမည်မျှနှင့် ဖြစ်နိုင်ပါက မော်တော်ယာဉ်ကဲ့သို့သော အခြားကိရိယာများ၏ ဈေးနှုန်းများကိုပါ ညှိနှိုင်းရမည်။

## 3.2 (အခန်း - ၂) ကွင်းဆင်း ထောက်လှမ်းခြင်း (Field reconnaissance)

ဦးတည်ကမ်းပါးများကို ရွေးချယ်ပြီးပါက အောက်ပါသတင်းအချက်အလက်များစုဆောင်းရန် ကွင်းဆင်းထောက်လှမ်းမှု လုပ်ဆောင်ရမည်ဖြစ်ပါသည်။ စုဆောင်းရရှိသော သတင်းအချက်အလက်များကို ရိုးရှင်းသော အစီရင်ခံစာပုံစံတွင် စုပေါင်းဖြည့်သွင်းရမည်ဖြစ်ပြီး အဆိုပါအစီရင်ခံစာပုံစံကို စီမံကိန်းဒုတိယအဆင့် (Phase 2)တွင် ပြုပြင်မွန်းမံမည်ဖြစ်ပါသည်။

### 3.2.1 ကမ်းပါး တည်နေရာ

ကမ်းပါးတည်နေရာကို လက်ကိုင်GPS နှင့်ရှာဖွေစစ်ဆေးမည်ဖြစ်ပြီး Google Earth (သို့) အခြား GIS မြေပုံများတွင် မှတ်သားထားရမည်ဖြစ်ပါသည်။ လုပ်ငန်းတည်နေရာ(site)သို့ သွားလာနိုင်သည့်အခြေအနေကို လက်ရှိကားလမ်းနှင့်အကွာအဝေး၊ လမ်းအကျယ်အဝန်းနှင့် မျက်နှာပြင်ပြုပြင်ထားမှု (ကွန်ကရစ်/ကျောက်ခင်း (သို့)မြေသား) ကဲ့သို့သောလမ်းအခြေအနေတို့အပေါ်မူတည်၍ အတည်ပြုရမည် ဖြစ်ပါသည်။

### 3.2.2 ကမ်းပါး၏ အခြေအနေနှင့် အတိုင်းအတာ

ဦးတည်ကမ်းပါးအတိုင်းအတာဖြစ်သည့် ကမ်းပါးပုံသဏ္ဍာန်၊ ပျဉ်းမျှထိပ်ဂ/အောက်ခြေအကျယ်၊ အနက်၊ ကြမ်းပြင်ကျောက် တည်နေရာ၊ ပတ်ဝန်းကျင်ဧရိယာ မြေအသုံးပြုမှု၊ ကမ်းပါးအတွင်း/အပြင် အပင်ပေါက်ရောက်မှု (သစ်ပင်၊ချုံမြက်.. စသည်ဖြင့်) ကမ်းပါးသို့စီးဆင်းသည့်ရေလမ်းကြောင်း စသည်တို့ကို ကွင်းဆင်းထောက်လှမ်းမှု မှတ်တမ်းတွင် ဖြည့်သွင်းမှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ကမ်းပါးအခြေအနေဖြည့်သွင်းခြင်းမှတ်တမ်း နမူနာကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

### 3.2.3 အခြေအနေ စိစစ်ခြင်း

ဦးတည်ဒေသရှိ ကမ်းပါးအများစုသည် တိုက်စားကျယ်ပြန့်လာသည့်အသွင်သဏ္ဍာန်ဆောင်သည်ကို တူညီစွာတွေ့မြင်ရပါမည်။ အောက်ပါအချက်များအတိုင်း ကမ်းပါးပြိုမှု စတင်ဖြစ်ပေါ်လာသည်ဟု ယူဆပါသည်။

၁) ကမ်းပါးကြမ်းပြင်ကို ရေစီးကြောင်းတိုက်စားခြင်း

၂) လျှောစောက်အောက်ခြေမတည်ငြိမ်ခြင်းနှင့် လျှောစောက်အောက်ခြေတိုက်စားခြင်းကြောင့် ကမ်းပါးကြမ်းပြင်တိုက်စားခြင်း

၃) လျှောစောက်မတည်ငြိမ်ခြင်းနှင့် တိုက်စားမှုအပေါ်ဘက်သို့ရွေ့သွားခြင်းကြောင့် လျှောက်စောက်အောက်ခြေတိုက်စားခြင်း နှင့်

၄) လျှောစောက်တစ်ခုလုံး တိုက်စားခြင်း

အောက်ပါပုံသည် ကမ်းပါးတိုက်စားမှုကျယ်ပြန့်လာသည့် အသွင်သဏ္ဍာန်ကို ပြသပေးပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2019)

**ပုံ 3.2.1 ကမ်းပါးတိုက်စားမှု ကျယ်ပြန့်လာပုံ**

တိုက်စားမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းကိုစဉ်းစားနိုင်ရန် ကွင်းထဲရှိ ရေရွေ့လျားမှု၊ တိုက်စားမှုနှင့် အပင်ပေါက်ရောက်မှုအခြေအနေများကို စစ်ဆေးရမည်ဖြစ်ပါသည်။ လျှောစောက်အထက်ဘက်မှ စတင်တိုက်စားခြင်း ကဲ့သို့သော မတူကွဲပြားသည့်အကြောင်းရင်းများတွေ့ရှိပါက အခြေအနေကိုစိစစ်အတည်ပြုနိုင်ရန် ကျွမ်းကျင်ပညာရှင်များအကြား ထဲထဲဝင်ဝင် သုံးသပ်ဆွေးနွေးရမည်ဖြစ်ပါသည်။

ကွင်းဆင်းထောက်လှမ်းမှုကာလအတောအတွင်း တိုက်စားမှုဖြစ်ရသည့်အကြောင်းရင်းများကို စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍ ကွဲပြားခြားနားသည့်တိုက်စားမှုပုံစံ (သို့) တိုက်စားရန် အလားအလာများတွေ့ရှိပါက

တိုက်စားမှု ဖြစ်ရသည့်အကြောင်းရင်းကို ဆင်ခြင်သုံးသပ်ရမည်ဖြစ်ပါသည်။

### 3.3 (အခန်း -၃) ကွင်းဆင်းလေ့လာခြင်း (Survey)

စီမံကိန်း ပထမအဆင့်အတောအတွင်းတွင် လက်ကိုင် GPS ဖြင့် ကိုသြဒနိတ်အမှတ်များကိုတိုင်းတာခဲ့ပြီး Control points အချို့ကို ဒရုန်းဖြင့် survey လုပ်ဆောင်ခဲ့ပါသည်။ plan view drawing ပုံဆွဲရာတွင် အသုံးပြုနိုင်ရန်အတွက် Orthochromatic ပုံတစ်ခုကို ပြင်ဆင်ခဲ့ပါသည်။ cross section drawing နှင့် longitudinal profile ပြင်ဆင်ရန်အတွက် orthochromatic ပုံကိုအခြေခံ၍ မှန်ကူကွက်အမှတ် "lattice points"များ၏ ကိုသြဒီနိတ်ကိုတွက်ချက်ပါသည်။ ကွင်းဆင်းလေ့လာမှု၏အသေးစိတ်ဖော်ပြချက်များကို အခြားစာတမ်း "UAV ဖြင့် မြေမျက်နှာသွင်ပြင် တိုင်းတာခြင်းနှင့် မြေဆီလွှာတိုက်စားမှုထိန်းချုပ်ရေးအတွက် အသုံးပြုခြင်း" တွင် ဖော်ပြထားပါသည်။

#### 3.3.1 Plan view drawing

ဒရုန်း survey လုပ်ဆောင်ပြီးနောက် orthochromatic ပုံကိုပြင်ဆင်ပါသည်။ ၄င်းပုံသည် ကောင်းကင်မှ ရိုက်ယူသောဓါတ်ပုံနှင့်ဆင်တူပါသည်။ ၄င်းတွင် ပုံသဏ္ဍာန်အနေအထား အပြည့်ပါဝင်သော ပုံအများစုကို ပြသမည်ဖြစ်ပြီး နန်းထိန်းတမံများ၏ ကိုသြဒီနိတ်ကဲ့သို့သော မြေပြင်အမှတ်များကိုလည်း တွေ့မြင်နိုင်ပါသည်။ plan view drawing ကို နန်းထိန်းတမံ၏တည်နေရာ၊ ရေလမ်းကြောင်း၊ ရေလွှဲလမ်းကြောင်းနှင့် သဘာဝအပင်ပေါက်ရောက်သည့်ဧရိယာ စသည်တို့၏ တန်ပြန်မှုအစီအမံ ရေးဆွဲရေးအတွက် အသုံးပြုမည်ဖြစ်ပါသည်။ နောက်ဆက်တွဲ (၂ )တွင် ကုန်းနီကျေးရွာကမ်းပါးဆောက်လုပ်ရေး၏ "plan view drawing" ကိုဖော်ပြထားပါသည်။ "plan view drawing" တွင် လိုအပ်သောအရာများကို အောက်ပါအတိုင်း ဖော်ပြပေးပါသည် သို့သော် ကန့်သတ်ထားမှုမရှိပေ။

- ကမ်းပါးပုံသဏ္ဍာန်၊ စမ်းချောင်း၊ မြေယာအသုံးပြုမှု၊ လက်ရှိလမ်း၊ ကမ်းပါးထဲရှိ ကြမ်းခင်းကျောက်။

#### 3.3.2 Longitudinal profile

Longitudinal profile သည် နန်းထိန်းတမံနှင့် ရေလမ်းကြောင်းတို့၏ အချက်အလက်များအတွက် အသုံးပြုမည်ဖြစ်ပါသည်။ Longitudinal profile ပြင်ဆင်ရေးအတွက် အလေးထားရမည့်အချက်များကို အောက်တွင်ဖော်ပြထားပါသည်။ နောက်ဆက်တွဲ (၃)တွင် ရှေ့ပြေး ကမ်းပါးဆောက်လုပ်ရေးတစ်ခု၏ longitudinal profile ကိုဖော်ပြထားပါသည်။

- အလျားလိုက်နှင့် ဒေါင်လိုက်မျဉ်းအကြား စကေးအချိုးသည် ၁ မှ ၁
- Longitudinal profile ရှိ အမှတ်အမည်/အမှတ်အရေအတွက်သည် plan view drawing နှင့် cross section drawing တို့ရှိ အမှတ်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။
- ယူနစ်- မက်ထရစ် ယူနစ်ကိုအသုံးပြုရန် အကြံပြုပါသည်။

#### 3.3.3 Major cross-section

Cross-section drawing ကို ကမ်းပါးအခြေအနေစစ်ဆေးရန်နှင့် နန်းထိန်းတမံတည်ဆောက်ရေးအတွက် သင့်တော်သည့်နေရာကို ထည့်သွင်းစဉ်းစား/အကဲဖြတ်ရာတွင်အသုံးပြုပါသည်။ နန်းထိန်းတမံ တည်ဆောက်ရေး၏ တည်နေရာကိုဆုံးဖြတ်ပြီးနောက်ပိုင်းတွင်လည်း cross-section drawing ကို တည်ဆောက်

ရေး drawing အဖြစ်အသုံးပြုမည်ဖြစ်ပါသည်။ နောက်ဆက်တွဲ (၄)တွင် cross-section drawing ၏ နမူနာ ပုံစံကို ဖော်ပြထားပါသည်။

## 3.4 (အခန်း - ၄) ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ ဒီဇိုင်းပြင်ဆင်ခြင်း

အောက်ပါအချက်များပြည့်မြောက်စေရန် ကမ်းပါးပြိုမှုထိန်းချုပ်ရေးအတွက် တန်ပြန်မှုအစီအမံ ဒီဇိုင်းကို တည်ဆောက်ရေးမစတင်မီ ပြင်ဆင်ရမည်ဖြစ်ပါသည်။ i) ထိရောက်သော တန်ပြန်မှုအစီအမံ ရေးဆွဲခြင်း နှင့် ii) တိကျမှန်ကန်သော ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှု

i) ထိရောက်သော တန်ပြန်မှုအစီအမံ ရေးဆွဲခြင်း။ သာမန်အားဖြင့် မည်သည့်ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းများတွင်မဆို ဘတ်ဂျက်လိုအပ်ပြီး ဘတ်ဂျက်သည်လည်းအကန့်အသတ်ရှိပါသည်။ ဘတ်ဂျက် အသုံးပြုရာတွင် အမြင့်ဆုံးစွမ်းဆောင်မှုရရှိရန်လိုအပ်ပါသည်။ ထိရောက်အကျိုးရှိသောနန်းထိန်းတမံ တည် ဆောက်ခြင်း၊ နန်းထိန်းတမံနှင့် ရေလမ်းကြောင်းပေါင်းစပ်တည်ဆောက်ခြင်း၊ သင့်တင့်လျောက်ပတ်သော အတိုင်းအတာရှိ နန်းထိန်းတမံများ(အမြင့်၊အကျယ်၊အလျား) နှင့် တည်ဆောက်ရေးလုပ်ငန်းများ၏ ပစ္စည်း များသည် အမြင့်ဆုံးစွမ်းဆောင်ရည်ရှိရန်လိုအပ်ပါသည်။

ii) တိကျမှန်ကန်သော ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှု။ အစိုးရရုံးအတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်တာ အတွက် ကဲ့သို့သော ဦးတည်ကာလတစ်ခုလုံးအတွက် ဘတ်ဂျတ်ကို ခန့်မှန်းတွက်ချက်ရန်လိုအပ်ပါသည်။ ဂျပန်နိုင်ငံသစ်တော်ဦးစီးဌာနတွင် နောက်ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်မည့် စီမံချက်များ ၏ဘတ်ဂျက်တစ်ခုလုံးကို ရုံးတိုင်းတွက်ချက်ရပြီး စီမံချက်နှင့်တကွ ခန့်မှန်းတွက်ချက်မှုဘတ်ဂျက်ကို ဌာန သို့တင်ပြရသည်။ သစ်တောဦးစီးဌာန၏ ထိပ်ပိုင်းစီမံခန့်ခွဲမှုအဖွဲ့က ရုံးတစ်ရုံးချင်းစီသို့ ဘတ်ဂျက် မည်မျှခွဲဝေပေးမည်ကို ထည့်သွင်းစဉ်းစားကြပါသည်။ ထို့နောက် ဘဏ္ဍာနှစ် တစ်နှစ်လုံး၏ ပမာဏကို ဘဏ္ဍာနှစ်မစတင်မီ ရုံးတိုင်းသို့ အသိပေးအကြောင်းကြားကြပါသည်။ ၄င်းကို စီမံချက်ရေးဆွဲထားသော ဘတ်ဂျက် ပုံစံ "planned budget style" ဟုခေါ်ပါသည်။

အခြားနိုင်ငံများတွင် ရုံးတစ်ခုချင်းစီအတွက်ဘတ်ဂျတ်ကို ထိပ်ပိုင်းစီမံခန့်ခွဲမှုအဖွဲ့ကဆုံးဖြတ်ပြီး ဘဏ္ဍာ ရေးနှစ်၏ အစပိုင်းတွင် အသိပေးအကြောင်းကြားကြပါသည် (သို့) အသိမပေးပဲ ရုံးတိုင်းသို့ ခွဲဝေပေးကြပါ သည်။ ထိုသို့ဆိုလျှင် ရုံးအနေဖြင့် တိကျမှန်ကန်သော ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ထားသည့် စီမံချက် အချို့ကိုပြင်ဆင်ထားရန်လိုအပ်ပါသည်။ သို့မှသာ ဘတ်ဂျက်ခွဲဝေပေးသည့်အခါ ရုံးအနေဖြင့် ဘတ်ဂျက် ပမာဏအပေါ်အခြေခံသည့် စီမံချက်အချို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ ထို့ကြောင့် တိကျမှန် ကန်သော ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှုနှင့်တကွ ဆောက်လုပ်ရေးစီမံချက်များ ပြင်ဆင်ထားရှိ ရေးသည် စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကမ်းပါးပြိုမှုထိန်းချုပ်ရေးအတွက် ဆောက်လုပ်ရေးဒီဇိုင်းသည် အရေးပါဆုံးသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ စီမံကိန်း ပထမအဆင့်ကာလအတွင်း ကုန်းနီကျေးရွာ၏ ကမ်းပါးပြိုမှုထိန်းချုပ်ရေး အတွေ့ အကြုံအပေါ်အခြေခံ၍ အောက်ပါအခန်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် အလေးထားရမည့် အချက်များကို ဖော်ပြထားပါသည်။

### 3.4.1 ကမ်းပါးပြိုမှုဖြစ်ရသည့် အကြောင်းရင်းစိစစ်ချက်အပေါ် အခြေခံသည့် တန်ပြန်မှုအစီအမံ၏ အခြေခံသဘောတရား

#### (1) ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ ရည်ရွယ်ချက်

ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံသည် မိမိဘာသာတိုက်စားကျယ်ပြန့်လာမည့် လက်ရှိကမ်းပါးများထိန်းချုပ်ရေးတွင် အသုံးချရမည်ဖြစ်ပါသည်။အကယ်၍မည်သည့်တန်ပြန်မှုမှ မလုပ်ဆောင်ပါက ကမ်းပါးများသည် အလိုလိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။ နုန်းအနည်အနှစ် အများအပြားဖြစ်ပေါ်စေခြင်း၊ အသုံးပြုနိုင်သော မြေယာများလျော့နည်းလာခြင်း နောက်ဆုံးတွင် အနည်အနှစ်များသည် မြစ်ချောင်းအောက်ပိုင်းရှိ အင်းလေးကန်ထဲသို့ စီးဆင်းသွားမည်ဖြစ်ပါသည်။ အဆိုပါ နုန်းအနည်အနှစ်များသည် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ကို ပိုမိုဆိုးရွားစေသည့်အန္တရာယ် ရှိပါသည်။ မြေယာဆုံးရှုံးခြင်းသည် တိုင်းပြည်၏ ပစ္စည်းဥစ္စာဆုံးရှုံးခြင်းဖြစ်သကဲ့သို့ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်းသည်လည်း တိုင်းပြည်ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းပင်ဖြစ်သည်။ ထို့ပြင်မြစ်ချောင်းများထဲတွင် နုန်းအနည်ထိုင်ခြင်းသည် ရေကြီးခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကမ်းပါးပြိုမှုလျော့နည်းရေး ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကမ်းပါးမျက်နှာပြင်ကို သဘာဝအပင်များဖြင့် စိုက်ပျိုးဖုံးအုပ်ခြင်း၊ နောက်ဆုံး သစ်ပင်များဖုံးလွှမ်းသည်အထိ ရည်ရွယ်ပါသည်။ ၎င်းကို "ကမ်းပါး နဂိုအတိုင်းပြန်လည်ဖြစ်စေရေး ပြုပြင်မွမ်းမံခြင်းအလုပ် - restoration work of gully" ဟု ခေါ်ပါသည်။ ကမ်းပါးပြိုမှုများကို "ထိန်းချုပ်ခြင်း" နှင့် "လျော့ချခြင်း" အပြင် ကမ်းပါးပြိုမှုဖြစ်သည့် ဒေသများကို စိမ်းလန်းသောဒေသအဖြစ်သို့ နလန်ထူလာအောင်ဆောင်ရွက်ပြီး နောက်ဆုံးတွင် သစ်ပင်များဖြင့် ဖုံးလွှမ်းသွားစေရမည်။ ၎င်းသည် ကမ်းပါပြိုမှုထိန်းချုပ်ရေး၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

#### (2) ကမ်းပါးပြိုမှုဖြစ်ရသည့် အကြောင်းရင်းစိစစ်ချက်အပေါ် အခြေခံသည့် အခြေခံသဘောတရား

ကမ်းပါးအများစုတွင် ပြိုကျကျယ်ပြန့်လာမှုဖြစ်စဉ်တူညီကြပါသည်။ ၎င်းကို(အခန်း ၂.၃) တွင်ဖော်ပြထားပါသည်။ "ပြိုကျမှုဖြစ်ရသည့်အကြောင်းရင်း စိစစ်ချက်" နှင့် ပြိုကျမှုဖြစ်စဉ်ကို ပုံ 2-1 " ကမ်းပါးပြိုမှု ကျယ်ပြန့်လာခြင်း နမူနာပုံကြမ်း" တွင်ဖော်ပြထားပါသည်။ ပထမအဆင့် ကမ်းပါးပြိုမှုကျယ်ပြန့်လာခြင်းသည် ရေစီးကြောင်းကြောင့် ကမ်းပါးကြမ်းပြင်တိုက်စားခြင်းဖြစ်သည်။ ရေစီးကြောင်းသည် လျှောစောက်အောက်ခြေကိုလည်းတိုက်စားသည်။ ထို့ကြောင့်ကမ်းပါးပြိုမှုထိန်းချုပ်ရေး၏အဓိကသော့ချက်သည် ရေစီးကြောင်းထိန်းချုပ်ရေးဖြစ်သည်။ ရေစီးကြောင်းကိုထိန်းချုပ်လိုက်ပါက ကမ်းပါးကြမ်းပြင်နှင့် လျှောက်စောက်အောက်ခြေတိုက်စားမှုတို့မဖြစ်တော့ပေ။ ထို့ပြင် နောက်ထပ်တိုက်စားမှုအဆင့်များလည်း ထပ်မံ၍မဖြစ်ပေါ်တော့ပေ။ ထိုအခါကမ်းပါးသည် တည်ငြိမ်သည့်အနေအထားသို့ရောက်ရှိသွားမည်ဖြစ်သည်။ ကမ်းပါး တည်ငြိမ်နေပါက ကမ်းပါးလျှောက်စောက်များတွင် သဘာဝအပင်များဖုံးလွှမ်းနေမည်ဖြစ်ပါသည်။ ပုံ 4-1 တွင် "သဘာဝအပင်များဖုံးလွှမ်းသည့် အကြီးစားအရွယ်ကမ်းပါး" တစ်ခု၏ပုံကိုဖော်ပြထားပါသည်။ ယခုကဲ့သို့ အခြေအနေမျိုးတွင် စမ်းချောင်း၏ကြမ်းပြင်ထောင့်သည် အလွန်ပြေပြီး ကြမ်းပြင်၏အနံသည် ကြီးမားပါသည်။ ထို့ကြောင့် ရေစီးနှုန်းပြင်းပြင်းထန်ထန်မဖြစ်ပေါ်လာနိုင်တော့ပဲ ထိုနေရာတွင်ပင် သယ်ယူလာသည့် အနည်အနှစ်များကိုစုပုံသွားသည်။ ထိုအခါစမ်းချောင်းကြမ်းပြင်သည် တည်ငြိမ်လာပြီး လျှောစောက်အောက်ခြေကိုတည်ငြိမ်သည့်အနေအထားဖြစ်အောင်လုပ်ဆောင်ပေးသည်။ စမ်းချောင်းကြမ်းပြင်နှင့် လျှောစောက်အောက်ခြေတည်ငြိမ်လာပြီးနောက် ပြိုကျခဲ့သည့်ဧရိယာများတွင် သဘာဝအပင်များ စတင်ပေါက်ရောက် ဖုံးလွှမ်းသွားတော့သည်။ ဓါတ်ပုံB တွင်"လျှောစောက်အောက်ခြေမှ သဘာဝအပင်များပေါက်ရောက်ဖုံးလွှမ်း

နေမှုနှင့် အပေါ်ဘက်သို့ တိုးပွားပေါက်ရောက်ဖုံးလွှမ်းနေမှု” ပုံကိုပြသထားပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2019)

**ပုံ 3.4-1 သဘာဝအပင်များဖုံးလွှမ်းသည့် အကြီးစားအရွယ်ကမ်းပါး နမူနာပုံ**

အထက်ဖော်ပြချက်အပေါ် နားလည်သဘောပေါက်မှုကို အခြေခံ၍ ကမ်းပါးပြိုမှုဖြစ်စဉ်နှင့် တန်ပြန်မှုအစီအမံတို့ အကြား ဆက်သွယ်မှုကို ပုံ 3.4.2 တွင် ဖော်ပြထားပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-2 ကမ်းပါးပြိုမှုဖြစ်စဉ်နှင့် တန်ပြန်မှုအစီအမံ**

အခြားတစ်ဖက်တွင် အကယ်၍ ကမ်းပါးပြန်လည်ပြုပြင်ရေးအား ပုံ 3.4.3 တွင်ဖော်ပြထားသည့်အတိုင်း မြို့ပြအင်ဂျင်နီယာဆိုင်ရာ တန်ပြန်မှုအစီအမံတစ်ခုတည်းကိုသာအသုံးချပါက အောက်ပါတို့ လိုအပ်မည်ဖြစ်ပါသည်။ i) အကြီးစားဆောက်လုပ်ရေးလိုအပ်မည် ii) မြေသားအများစု တူးထုတ်ရမည် iii) အဆောက်အအုံကြီး တည်ဆောက်ရမည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းအတွက် အကြီးစားပစ္စည်းကိရိယာများ လိုအပ်မည်ဖြစ်ပြီး အကြီးစားအဆောက်အအုံများအား ကွန်ကရစ်အဆောက်အအုံဖြင့်ဆောက်လုပ်ရန် လိုအပ်မည်။ အဆိုပါအကြီးစား ပစ္စည်းကိရိယာများနှင့် ကွန်ကရစ်အဆောက်အအုံများသည် ဘတ်ဂျက်အ

မြောက်အများလိုအပ်ပြီး အတွေ့အကြုံနှင့်ကျွမ်းကျင်မှုများလည်းလိုအပ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2019)

**ပုံ3.4-3 မြို့ပြအင်ဂျင်နီယာဆိုင်ရာ တူးထုတ်ခြင်းနှင့် တည်ဆောက်ခြင်း**

သစ်တောဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့၏ လက်ရှိကမ်းပါးပြိုမှု ထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ အခြေအနေအပေါ်ဆင်ခြင်းသုံးသပ်ပါက ဘတ်ဂျက်အမြောက်အများ အသုံးပြုရေးသည် မဖြစ်နိုင်သလောက်ရှိပါသည်။ ထို့ပြင် လုပ်ငန်းနေရာများသည်လည်း မတ်စောက်သည့် လျှောစောက်များရှိသဖြင့် ကမ်းပါးပတ်ဝန်းကျင်တွင် အကြီးစားစက်ကိရိယာများအသုံးပြုခြင်းသည်လည်း လွန်စွာအန္တရာယ်များပါသည်။ ထို့ပြင်တူးထုတ်ခြင်းနှင့်တည်ဆောက်ခြင်း နည်းစနစ်တွင် ကြီးမားသော ဆောက်လုပ်ရေးဧရိယာလိုအပ်သဖြင့် ရွာသူ/သားများ၏စိုက်ပျိုးရေးအတွက်အသုံးပြုသော မြေယာများ ဆုံးရှုံးခြင်းတို့ဖြစ်စေပါသည်။ အဆိုပါမြေယာဆုံးရှုံးမှုမျိုးအတွက် ကျေးရွာသူ/သားများနှင့် သဘောတူညီမှု မရရှိနိုင်သကဲ့သို့ ကမ်းပါးပြိုမှု ကျယ်ပြန့်လာခြင်းကြောင့် မြေယာဆုံးရှုံးမှုပြဿနာကို ဖြေရှင်းပေးနိုင်မည်မဟုတ်ဟု ဆင်ခြင် သုံးသပ်မိပါသည်။ အဆိုပါအကြီးစားဆောက်လုပ်ရေးကို "အကြီးစားအရွယ်ကမ်းပါး (large scale gully)"ဆောင်ရွက်ခဲ့သည့် အခြေအနေမျိုးနှင့် ဆောင်ရွက်ရန်ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အလတ်စားနှင့် အသေးစားကမ်းပါးများအတွက်မူ သေးငယ်၍ရိုးရှင်းသောဆောက်လုပ်ရေးပုံစံနှင့် သဘာဝအပင်များ ပေါက်ရောက်ဖုံးလွှမ်းမှုကို အားပေးသော ပုံစံများဖြင့်ဆောင်ရွက်ရန် အကြံပြုပါသည်။

ကုန်းနီကျေးရွာရှိ ကမ်းပါးပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားခဲ့သော အခြေခံသဘောတရားကို အောက်တွင် ဖော်ပြထားပါသည်။

| ကုန်းနီကျေးရွာကမ်းပါးပြိုမှုအတွက် ကမ်းပါးပြန်လည်ပြုပြင်မွမ်းမံခြင်း၏ အခြေခံသဘောတရား (စီမံကိန်း ပထမအဆင့်) |
|---|
| 1. လျှောက်စောက်အောက်ခြေတည်ငြိမ်ရေးကိုရည်ရွယ်သည့် ကမ်းပါးကြမ်းပြင်တိုက်စားမှု ကာကွယ်သည့် ရေစီးကြောင်းထိန်းချုပ်မှု |
| 2. တည်ငြိမ်သည့်အနေအထားရှိလာပြီးနောက်ပိုင်းတွင် သဘာဝအပင်များပေါက်ရောက် ဖုံးလွှမ်းသွားမည်ဟုမျှော်လင့်ပါသည်။ |

### 3.4.2 Distribution of the structures, formation designing အဆောက်အအုံများ၏ပျံ့နှံ့မှု ၊ တည်ဆောက်ပုံဒီဇိုင်း။

### (1) နန်းထိန်းတမံ တည်ဆောက်ပုံအဆင့်ဆင့်

နန်းထိန်းတမံတည်ဆောက်ရာတွင် ပုံစံ (၂)မျိုးရှိပါသည်။ i) သီးခြားနန်းထိန်းတမံ(single check dam) နှင့် ii) အဆင့်လိုက်နန်းထိန်းတမံတန်း(stepwise check dam series)တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပုံမှန်အားဖြင့် ယခင်ကတည်းက သီးခြားနန်းထိန်းတမံကိုအသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း အမြင့် ၁မီတာ မှ ၂မီတာအကြားရှိ သီးခြားနန်းထိန်းတမံသည် ကမ်းပါး၏အလျားကိုပြန်လည်မကောင်းမွန်လာနိုင်ပေ။ ကမ်းပါးပြိုမှုထိန်းချုပ်ရေးအတွက် နန်းထိန်းတမံ၏ရည်ရွယ်ချက်ကိုလည်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း နန်းထိန်းတမံ၏အနောက်ဘက်တွင် အနည်ထိုင်မှုသက်သာစေရေးမပါဝင်ပေ။ အသေးစား နန်းထိန်းတမံသည် ရည်ရွယ်ချက်ကို အောက်မြင်အောင် ထမ်းဆောင်ရာတွင် ထိရောက်မှုရှိပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-4 နန်းထိန်းတမံ တည်ဆောက်ပုံ**

## (2) ကမ်းပါးကြမ်းပြင်ထောင့်မျဉ်း

ရေစီးကြောင်းကိုထိန်းချုပ်ရန် ရေလမ်းကြောင်းသည် အဓိကအဆောက်အအုံဖြစ်သည်။ နန်းထိန်းတမံသည် ရေလမ်းကြောင်းအတွက် အထောက်အကူပြုပေးသည့် အဆောက်အအုံဖြစ်ပြီး ၎င်းက ကမ်းပါးကြမ်းပြင်ထောင့်မျဉ်းကိုလျှော့ချနိုင်သည်။ ကနဦးအဆင့်တွင် ရေလမ်းကြောင်းပေါ်ရှိ ရေစီးကြောင်းကို ထိန်းချုပ်ပြီးနောက် နန်းအနည်များသည် နန်းထိန်းတမံ၏အနောက်ကွက်လပ်နေရာများတွင် အနည်ထိုင်မည်ဖြစ်ပြီး ကမ်းပါးကြမ်းပြင်မျဉ်းသို့ စီးဆင်းသွားမည်ဖြစ်ပါသည်။ ၎င်းကို "ကြိုတင်စီမံထားသော ကမ်းပါးကြမ်းပြင်ထောင့်မျဉ်း(planned gully bed angle line)" ဟုခေါ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-5 ကမ်းပါးကြမ်းပြင်ထောင့်မျဉ်း၏ ပုံစံများ**

**(3) နန်းထိန်းတမံအမြင့်နှင့် တည်ဆောက်ပုံအကြား ဆက်သွယ်မှု**

နန်းထိန်းတမံ၏ အမြင့်ကိုဖော်ပြပါအချက်များနှင့်အတူ ထည့်သွင်းစဉ်းစားနိုင်ပါသည်။ i) Longitudinal profile အပေါ် တည်ဆောက်ခြင်း၊ ii) cross section အပေါ်ကိုက်ညီမှုနှင့် iii) plan view drawing အပေါ်ကိုက်ညီမှုတို့ ဖြစ်သည်။

1) Longitudinal profile အပေါ် တည်ဆောက်ခြင်း။ ။ Longitudinal profile အပေါ် အဆင့်လိုက် တည်ဆောက်မှုဖြစ်ပေါ်စေရန် နန်းထိန်းတမံများကို ပျံ့နှံ့ တည်ဆောက်ပေးရသည်။

2) cross section အပေါ်ကိုက်ညီမှု ။ ။ Longitudinal profile ပေါ်တွင် နန်ထိန်းတမံတည်ဆောက်ပြီး နောက် cross section ပေါ်နန်းထိန်းတမံတပ်ဆင်မှုကို အတည်ပြုရမည်။ အကယ်၍ ကမ်းပါး၏ ဘေးဘက် သည် နန်းထိန်းတမံ၏ ပန္တက်အမြင့်ထက်နိမ့်နေပါက Longitudinal profile အပေါ်ရှိ နန်းထိန်းတမံ၏ နေရာ (သို့ ) အမြင့်ကို ပြန်လည်၍ ဒီဇိုင်းပြုပြင်ပေးရမည်ဖြစ်ပါသည်။

3) Plan view drawing ပေါ်ရှိ နန်းထိန်းတမံ၏ တည်နေရာကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အောက်ဖော်ပြပါနေရာများသည်သင့်တော်မှုမရှိသည့်နေရာများဖြစ်သည် a) ထောင့်ကျဉ်းအကွေ့ နေရာ၊ b) ကမ်းပါးကြမ်းပြင်ထောင့် ပြောင်းလဲမှုမြန်သောနေရာ၊ c) ပင်မလမ်းကြောင်းနှင့် လက်တက်ခွဲဆုံချက်နေရာ စသည်တို့ ဖြစ်ပါသည်။ အကယ်၍ နန်းထိန်းတမံ၏ ပန္တက်နေရာသည် အဆိုပါနေရာများတွင် ကျရောက်နေ ပါက နေရာပြောင်းရန်စဉ်းစားရပါမည်။

တည်ဆောက်မှုပုံစံ "Formation"သည် (Longitudinal, cross section, plan view) စသော dimesions (၃)ခုနှင့်နှီးနွယ်ပါသည်။ ထို့ကြောင့် သင့်တော်မှုမရှိသော အတိုင်းအတာတစ်စုံတစ်ခုတွေ့ရှိပါက dimession drawings အားလုံးကို စစ်ဆေး၍ formation စိတ်ကြိုက် ရသည်အထိထပ်ခါထပ်ခါ စစ်ဆေး၊ ပြောင်းလဲရမည်ဖြစ်ပါသည်။

**(4) နန်းထိန်းတမံ၏ စမှတ်**

ပထမဦးစွာ နန်းထိန်းတမံ၏ အနိမ်းဆုံးနေရာကိုတပ်ဆင်ရပါမည်။ အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ နန်းထိန်းတမံ နေရာကိုထည့်သွင်းစဉ်းစားရပါမည်။ i) အနေအထားတူကမ်းပါး၏ အဆုံးမှတ် "the end point of same condition of gully", ii) ကြမ်းပြင် ကျောက်ဆောင် " bed rock", iii) အချို့သော ကမ်း ပါးများ၏ ဆုံချက်အမှတ် " junction point of some gullies" ဤအမှတ်များကိုတွေ့ရှိပါက ၎င်းတို့ကို တန်ပြန်မှုအစီအမံ၏ အနိမ့်ဆုံးအမှတ်အဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ကုန်းနီကျေးရွာအနေအထား တွင် ကမ်းပါးပြိုမှုသည် ကမ်းပါးထိပ်ဆုံးတွင်စတင်သည် တိုက်စားမှုအများစုသည် လက်ရှိနန်းထိန်းတမံနေ ရာ(သဲအိတ်တမံ)တွင်အဆုံးသတ်ပြီး ကြမ်းပြင်ကျောက်ဆောင်ကို ၎င်းမှ ၂မီတာ၊ ၃မီတာအောက်ရှိစမ်း ချောင်းတွင်တွေ့ရသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-6 နန်းထိန်းတမံ၏ အနိမ့်ဆုံးနေရာ**

### 3.4.3 အဆောက်အအုံ တစ်ခုချင်းစီ၏ ဒီဇိုင်း

### (1) နန်းထိန်းတမံ

1) Structure drawing ပေါ်ရှိ 3 dimensions

Structure drawing ပေါ်တွင် Front view, side view နှင့် plan view drawings တို့ကို အသုံးပြုရမည်ဖြစ်ပြီး အဆိုပါ drawing များသည် တစ်ခုနှင့်တစ်ခု မှန်ကန်စွာ ဆက်နေရမည်။ ပုံ 3.4.-7 တွင်ကြည့်နိုင်ပါသည်။

2) Ground level အထက်နှင့်အောက်အမြင့်

Ground level အထက်နှင့်အောက်အမြင့်ကို formation တပ်ဆင်နေစဉ်အတွင်း longitudinal profile ပေါ်တွင်တပ်ဆင်ပါသည်။ အဆိုပါအမြင့်များကို အောက်ပါအတိုင်း cross-section drawingပေါ်တွင် မှတ်သားထားရမည်။ ဥပမာ အမှတ်(၂) နန်းထိန်းတမံ၏ ground level အထက်နှင့်အောက် အမြင့်သည် profile ပေါ်တွင် 0.5မီတာနှင့် 1.5မီတာရှိသည်(ပုံ 3.4-7 ကိုကြည့်ပါ)။ structure drawing ၏ front view နှင့် side view တွင်လည်း တူညီသည့်အမြင့်ကိုအသုံးပြုရမည်ဖြစ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ3.4-7 Structure Drawingနှင့် Longitudinal Profile ပေါ်ရှိ နန်းထိန်းတမံ၏ အမြင့်**

## (2) ရေလမ်းကြောင်း

1) အကျယ်နှင့်အိမ် - ရေလမ်းကြောင်းသည် ကမ်းပါးကြမ်းပြင်ကိုဖုံးရန်လိုအပ်ပါသည်။ ထို့ ကြောင့် ရေလမ်းကြောင်း၏အကျယ်သည် နန်းထိန်းတမံသို့ ဆက်ထားသည့်အပိုင်းမှလွဲ၍ ကမ်းပါးကြမ်းပြင် အကျယ်နှင့် တူညီရပါမည်။ နန်းထိန်းတမံအောက်ခြေသို့ ကျရောက်သည့် ရေအားကိုကာကွယ်ရန် နန်းထိန်းတမံသို့ ဆက်ထားသောအပိုင်းသည် ကမ်းပါးကြမ်းပြင်အကျယ်ထက်ပိုကျယ်ရပါမည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-8 နန်းထိန်းတမံအောက်ခြေကိုကာကွယ်ပေးသည့် ရေလမ်းကြောင်းအိမ်(Socket)**

2) အလျား- ရေးလမ်းကြောင်းသည် နန်းထိန်းတမံနစ်ခုကြားကိုဆက်သွယ်ပေးရန်လိုအပ်ပါသည်။ အဆိုပါ အလျားကို longitudinal profile တွင်တိုင်းတာရပါမည်။

3) အနက်: 0.10 to 0.15m

**(3) ရေလွှဲလမ်းကြောင်း**

ရေလွှဲလမ်းကြောင်းသည် ကမ်းပါးအတွင်း ရေစီးဝင်မှုကိုကာကွယ်ရန်ရည်ရွယ်ပါသည်။ ရေလွှဲလမ်းကြောင်း ပျံ့နှံ့မှုနှင့် ကမ်းပါးပေါ်မှရေများ ကမ်းပါးအတွင်းသို့ စီးဆင်းမှုကို မည်ကဲ့သို့ ကာကွယ်ရမည်ကို သရုပ်ဖော်ထားသည့်ပုံကြမ်းကို ပုံ 3.4-9 တွင်တွေ့မြင်နိုင်ပါသည်။ များသောအားဖြင့် ကမ်းပါးပေါ်ရှိ ရေများသည် ကမ်းပါးထိပ်ဖနှင့် ကမ်းပါးလက်တက်များမှ ကမ်းပါးအတွင်းသို့ စီးဝင်ကြသည်။ ထို့ကြောင့် ရေလွှဲလမ်းကြောင်းများကို ကမ်းပါးထိပ်ဖနှင့် ကမ်းပါးလက်တက်များပတ်ဝန်းကျင်တွင် တပ်ဆင်ရမည်ဖြစ်ပြီး ရေကို ဘေးကင်းသည့်နေရာသို့ ဦးတည်စီးဆင်းစေရမည်ဖြစ်ပါသည်။ ရေစီး၏အဆုံးတွင် အဆောက်အအုံ (နန်းထိန်းတမံ)ဖြင့် တည်ဆောက်ပေးရမည်။ ရေလွှဲလမ်းကြောင်းကြောင့်တိုက်စားမှုကို ကာကွယ်ရန်ကြမ်းပြင်/ အောက်ခြေကျောက်ဆောင်(bed rock)ဖြင့် ဖုံးအုပ်သည့် အချက်ကို အကြံပြုပါသည်။

ရေလွှဲလမ်းကြောင်း၏ အကျယ်သည် 0.3 မီတာမှ 0.4 မီတာဖြစ်ပြီး အနက်သည် 0.2မီတာ မှ 0.3မီတာဖြစ်သည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.4-9 ရေလွှဲလမ်းကြောင်းပျံ့နှံ့မှု သရုပ်ဖော်ပုံကြမ်း**

**3.4.4 ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ထည့်စဉ်းစားခြင်း**

**(1) နန်းထိန်းတမံအတွက် ပစ္စည်းကိရိယာများ**

ဂျပန်နိုင်ငံတွင် အသုံးပြုသော နန်းထိန်းတမံအတွက် ပစ္စည်းအချို့ကိုဖော်ပြပေးပါသည်။ i) ကျောက်စီ ii) အုတ်စီ iii) ကွန်ကရစ် iv) သံကူကွန်ကရစ် v) စတီးလ် နှင့် vi) သစ်သား စသည်တို့ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် အဓိကအသုံးပြုသော ပစ္စည်းမှာ ကွန်ကရစ်ဖြစ်ပြီး ကွန်ကရစ် နန်းထိန်းတမံသည် a) အနည်ထိုင်ရန်(သို့) စီးဆင်းသွားစေရန် လုံလောက်သောကြံ့ခိုင်မှုရှိသည် ထို့ပြင် ရည်မှန်းချက် (အနည်အနစ် စီးဆင်းရေးနှင့် ကမ်းပါးတိုက်စားမှုထိန်းချုပ်ရေး)ကို အောင်မြင်စေသည်။ ပြတ်ရွေ့တိုက်စားမှု အခြေအနေ(သို့) ကြီးမားများပြားသောအနည်အနစ်များ စီးဆင်းမှုအတွက် အကြီးစားအဆောက်အအုံ လိုအပ်သည့်အခါတွင် ကွန်ကရစ်နန်းထိန်းတမံကိုအသုံးပြုသည်။ i)ကျောက်စီ ii)အုတ်စီနှင့် iii) ကွန်ကရစ်တို့အကြား အဓိက

ခြားနားချက်မှာ ယူနစ်အလေးချိန်ဖြစ်သည်။ ၄င်းတို့တစ်ခုချင်းစီ၏ ယူနစ်အလေးချိန် အစဉ်သည် i) ကျောက်စီ< ii) အုတ်စီ< iii) ကွန်ကရစ်ဖြစ်ပါသည်။ နန်းထိန်းတမံရွေးချယ်ရာတွင် ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားပါသည်။ a) သဘာဝအနေအထား(မြေမျက်နှာသွင်ပြင်၊ ဘူမိဗေဒ၊ မိုးလေဝသ၊ တိုက်စားမှုနှင့် အနည်ထိုင်မှုဖြစ်ပေါ်ခြင်း... စသည်ဖြင့် b) နန်းထိန်းတမံနေရာနှင့် ကာကွယ်ထားသောဧရိယာ/ပိုင်ဆိုင်မှု အကြားဆက်သွယ်မှု c) ဆောက်လုပ်ရေး အခြေအနေ (ဘေးကင်းလုံခြုံရေး၊ အလုပ်လုပ်နိုင်စွမ်းနှင့် ကုန်ကျစရိတ်)စသည်တို့ဖြစ်ပါသည်။ အရေးကြီးဆုံးအချက်မှာ "ရည်ရွယ်ချက်အောင်မြင်ရန် မည်သို့ လုပ်ဆောင်မည်" ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ပစ္စည်းများရွေးချယ်ရာတွင် အဓိကအားဖြင့်ကုန်ကျစရိတ်ကိုအခြေခံ၍ စဉ်းစားရွေးချယ်ကြပြီး ပစ္စည်းတစ်ခုချင်းစီတွင် ဆောက်လုပ်ရေးကုန်ကျစရိတ်ကိုလျှော့ချရန်လိုအပ်ပါသည်။ သို့သော်လည်း အကယ်၍သာ တည်ဆောက်ထားသည့်အဆောက်အအုံ ပျက်စီးသွားပါက ပြန်လည်အစားထိုးရန်(သို့) ပြန်လည်တည်ဆောက်ရန်လိုအပ်သဖြင့်ကုန်ကျစရိတ်နှစ်ဆဖြစ်လာမည်ဖြစ်ပါသည်။ ကုန်ကျစရိတ်ပြဿနာကို ထည့်သွင်းစဉ်းစားရာတွင် ရေရှည်တွင် ပြန်လည်တည်ဆောက်ရခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

အောက်ပါဇယားတွင် နန်းထိန်းတမံ ပစ္စည်း(၃)မျိုး၏ သုံးသပ်ချက်အနှစ်ချုပ်ကိုဖော်ပြထားပါသည်။

**ဇယား 3.4-1 နန်းထိန်းတမံ ပစ္စည်းများ၏ သုံးသပ်ချက်**

| နန်းထိန်းတမံ ပစ္စည်းများ | လုပ်ဆောင်ချက် | ရေရှည် ကုန်ကျစရိတ် | အလုပ်လုပ်နိုင်စွမ်း |
|---|---|---|---|
| ကွန်ကရစ် | A | C | C |
| အုတ်စီ/အင်တေ | B | B | B |
| ကျောက်စီ | C | B | A |

*မှတ်ချက်: A အကောင်းဆုံး၊ B ပိုကောင်း၊ C သာမန်*

ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

ကွန်ကရစ် - ကွန်ကရစ်သည် ကမ်းပါးပြိုမှုထိန်းချုပ်ရာတွင် ကောင်းစွာအလုပ်လုပ်ပြီး တာရှည်ခိုင်ခံ့ပါသည်။ ကွန်ကရစ်အသုံးပြုရာတွင် လုံလောက်သည့်အရည်အသွေးရှိရမည် သို့သော် မြန်မာနိုင်ငံတွင် အဆိုပါနယ်ပယ်၌ အရည်အသွေးမလုံလောက်မှုများရှိနေဆဲဖြစ်ပါသည်။

ကျောက်စီ - ရေစီး(သို့) အနည်အနှစ်စီးဆင်းမှုသည် 1နှစ် မှ 2နှစ်ခန့်ပြင်းပြင်းထန်ထန် ရိုက်ခတ်ပါက သစ်သားဘောင် သက်တမ်းကြားလာသောကြောင့် ကောင်းစွာအလုပ်မလုပ်တော့ပေ။

အုတ်စီ/အင်တေ - ၄င်းသည် ကမ်းပါးပြိုမှုထိန်းချုပ်ရာတွင် ကျောက်စီထက်သက်တမ်းပိုရှည်စွာ အလုပ်လုပ်ပြီး ကွန်ကရစ်ထက်သက်တမ်းတို၍ အလုပ်လုပ်သည်။ ဒေသတွင်းတွင် အုတ်စီ/အင်တေလုပ်ငန်းသည် အသုံးများပြီး အရည်အသွေးမှာမူ အင်တေအရည်အသွေး (အထူးသဖြင့်သဲ၊ ဘိလပ်မြေနှင့် ရေ အချိုး ) အပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် အရည်အသွေးထိန်းချုပ်ရေးတွင် အခက်အခဲမရှိပေ။ အဆောက်အအုံတစ်ခုအတွက် ကုန်ကျစရိတ်သည် ကျောက်စီစနစ်ထက်များပြီး ကွန်ကရစ်ထက် နည်းပါသည်။ အကယ်၍ ကျောက်စီစနစ်တည်ဆောက်မှုနှစ်ကြိမ်(သို့) နှစ်ကြိမ်အထက် တည် ဆောက်ရန်လိုအပ်ပါက ကုန်ကျစရိတ်သည် အတူတူနီးပါးဖြစ်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ဒေသတွင်း ကမ်းပါးပြိုမှုထိန်းချုပ်ရေးအတွက် နန်းထိန်းတမံအမျိုးအစားကို အုတ်စီ/အင်တေ

အမျိုးအစား အသုံးပြုဆောက်လုပ်ရန် အကြံပြုပါသည်။

**(2) အခြားအဆောက်အအုံများအတွက် ပစ္စည်းများ**

(ရေလမ်းကြောင်း) - ကုန်းနီကျေးရွာကမ်းပါးပြိုမှုထိန်းချုပ်ရေးတွင် ရေလမ်းကြောင်းဆောက်လုပ်ရာ၌ ကျောက်စီအမျိုးအစားကိုရွေးချယ်အသုံးပြုသည်။ အကြောင်းမှာ i) ကုန်ကျစရိတ်နည်းခြင်း၊ ii) 1နှစ် မှ 2နှစ် အထိအလုပ်လုပ်ခြင်း အဘယ်ကြောင့်ဆိုသော် အနည်အနှစ်(သို့)သဲများ ဖုန်းလွှမ်းသွားမည်ဖြစ်သော ကြောင့်ဖြစ်ပါသည်။ iii) မြေကြီးထဲသို့ ရေစီးဝင်နိုင်မှုသည် ကွန်ကရစ်နှင့်အုတ်စီ/အင်္ဂတေစနစ် ထက်ပို ကောင်းမွန်သည်။ အဆိုပါစနစ်ကိုအသုံးပြုရန် ခက်ခက်ခဲခဲဆုံးဖြတ်ရပါသည် အဘယ်ကြောင့်ဆိုသော် မိုး သည်းထန်မှုကြောင့်ဖြစ်ပေါ်သော ရေစီးကြောင်း၏ ရေလှိုင်းကြိမ်နှုန်း(သို့) တန်ပြန်ရေလှိုင်း၏ ကာလ အပိုင်းအခြား (return period) ကို ကောင်းစွာကြိုတင်မှန်းဆ၍ မရနိုင် သောကြောင့်ဖြစ်ပါသည်။ အကယ်၍ မှန်းဆမှုသည် မှန်ကန်ပါက တည်ဆောက်ရေးလုပ်ငန်းပြီးသည့်နောက်ပိုင်းတွင် ကျောက်စီရေလမ်းကြောင်း ပျက်စီးမှု ရှိမည်ဟုမျှော်လင့်ပါသည်။ ထို့ကြောင့် ကုန်းနီကျေးရွာကမ်းပါးပြိုမှုထိန်းချုပ်ရေးတွင် ကျောက်စီ ရေလမ်းကြောင်းစနစ်ကို စမ်းသပ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ စီမံကိန်းကာလအတောအတွင်းတွင် အဆိုပါ စနစ်၏အခြေအနေနှင့် ပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်မှုရှိမရှိ စစ်ဆေးကြည့်ရှုရန်လိုအပ်ပါသည်။

(ရေလွှဲလမ်းကြောင်း)- ရေလွှဲလမ်းကြောင်းအတွက် မည်သည့်ပစ္စည်းမှအသုံးပြုရန်မလိုပဲ မြေတူးရန် တစ်ခုသာလိုအပ်ပါသည် အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိုးရာသီအတွက်သာလိုအပ်သည့် ယာယီ အစီအမံဖြစ်ပြီး ရေပြေးပြင်းထန်ထန်စီးမည်ဟုမမျှော်လင့်ပေ။ သို့သော်လည်း နှစ်စဉ်နှစ်တိုင်း မိုးရာသီ မတိုင်မီ ပြုပြင်ထိန်းသိမ်းမှု(မြေတူးဖော်ခြင်း)လုပ်ဆောင်ရန်လိုအပ်ပါသည်။

## 3.4.5 ပစ္စည်းပမာဏ တွက်ချက်ခြင်း

ဆောက်လုပ်ရေးအတွက် အဓိကအသုံးပြုသောပစ္စည်းများမှာ i) ကျောက်၊ ii)ဘိလပ်မြေ၊ iii) သဲ နှင့် ရေတို့ ဖြစ်ကြပါသည်။ ဒီဇိုင်းပြင်ဆင်သည့်အချိန်တွင် အဆိုပါပစ္စည်းများ၏ပမဏကို တွက်ချက် ရမည်ဖြစ်ပါသည်။ အဆိုပါပမဏသည် ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်မှုနှင့် ပစ္စည်းဝယ်ယူရေး အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုပါသည်။ သာမန်အားဖြင့် ပစ္စည်းကုန်ကျစရိတ်တွင် ပို့ဆောင်ရေးကုန်ကျစရိတ် ပါဝင်ပြီးဖြစ်သည်။ ထို့ကြောင့် ပစ္စည်းရောင်းချသူက ဆောက်လုပ်ရေးလုပ်ငန်း တည်နေရာနှင့် ပစ္စည်းပမဏကိုကြည့်ပြီး ကုန်ကျစရိတ်တွက်ချက်ကြပါသည်။ နောက်ဆက်တွဲ(၅)တွင် ၂၀၁၉ခုနှစ်၊ကုန်းနီကျေးရွာကမ်းပါး ဆောက်လုပ် ရေး၏ ပစ္စည်းပမာဏတွက်ချက်မှုစာရွက်ကို ဖော်ပြထားပါသည်။

## 3.4.6 ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ခြင်း

ဆောက်လုပ်ရေးကုန်ကျစရိတ်တွင် 1) တိုက်ရိုက်ကုန်ကျစရိတ်နှင့် 2) ကန်ထရိုက်ဖြင့် လုပ်ငန်းဆောင်ရွက် ပါက သွယ်ဝိုက်ကုန်ကျစရိတ် ဟူ၍ နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံရှိ သစ်တောဦးစီးဌာန၏ ဆောက်လုပ်ရေး လုပ်ငန်းအများစုတွင် တိုက်ရိုက်စီမံအုပ်ချုပ်သည့်စနစ်ကိုအများအားဖြင့်အသုံးပြုပါသည်။ ထိုကဲ့သို့ အခြေ အနေမျိုးတွင်သွယ်ဝိုက်ကုန်ကျစရိတ်မလိုအပ်ပေ။ ကုန်းနီကျေးရွာကမ်းပါးဆောက်လုပ်ရေးတွင် JICA အဖွဲ့ မှ တိုက်ရိုက်စီမံခန့်ခွဲလုပ်ဆောင်ခဲ့သောကြောင့် တိုက်ရိုက်ကုန်ကျစရိတ်တစ်ခုတည်းသာ တွက်ချက်ထားပါ သည်။

**(1) တိုက်ရိုက်ကုန်ကျစရိတ် အမျိုးအစား**

တိုက်ရိုက်ကုန်ကျစရိတ်တွင် 1) ပစ္စည်းကုန်ကျစရိတ် 2) စက်ကိရိယာကုန်ကျစရိတ် 3) အလုပ်သမား ကုန်ကျစရိတ် 4) ဘေးအန္တရာယ်ကင်းရှင်းရေး ကုန်ကျစရိတ် 5) အထွေထွေကုန်ကျစရိတ် စသည်တို့ ပါဝင်ပါသည်။

1) ပစ္စည်းကုန်ကျစရိတ်- ပစ္စည်းဆိုသည်မှာ သဲ၊ကျောက်၊ဘိလပ်မြေနှင့် ပိုက်ပင်ကဲ့သို့သော ဆောက်လုပ်ရေးအတွက် တိုက်ရိုက်အသုံးပြုသောအရာများကိုဆိုလိုသည်။

2) စက်ကိရိယာကုန်ကျစရိတ်- အသေးစားကမ်းပါးတည်ဆောက်ရေးလုပ်ငန်းများတွင် အများအားဖြင့် လူလုပ်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြပြီး စက်ပစ္စည်းကိရိယာအသုံးမပြုပေ။ သို့သော် 1) ပစ္စည်းသယ်ယူရေးအတွက် မော်တော်ယာဉ်နှင့် ii) ဘိလပ်မြေဖျော်စက်တို့လိုအပ်ပါသည်။

3) အလုပ်သမားကုန်ကျစရိတ်- အလုပ်သမားကုန်ကျစရိတ် ၂မျိုးရှိပါသည်။ i) အထွေထွေလုပ်သားနှင့် ii) ကျွမ်းကျင်လုပ်သားဟူ၍ဖြစ်သည်။ ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေးတွင် တိုက်ရိုက်စီမံခန့်ခွဲ လုပ်ကိုင်သည့်အလုပ်ဖြစ်၍ ကျွမ်းကျင်လုပ်သား ၄ဦးကိုငှားရမ်းလုပ်ကိုင်ခဲ့ပါသည်။ ၄င်းတို့၏ လုပ်ငန်းတာဝန်များမှာ ပန်းရံလုပ်ငန်းနှင့် မြေတူးလုပ်ငန်းများအားအကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းတိုင်းကို ကြီးကြပ်စစ်ဆေးခြင်းတို့ဖြစ်ပါသည်။

4) ဘေးအန္တရာယ်ကင်းရှင်းရေး ကုန်ကျစရိတ်- ဆောက်လုပ်ရေးလုပ်ငန်း၏ ဘေးအန္တရာယ် ကင်းရှင်းရေးတွင် ပုံစံ ၂မျိုးရှိပါသည်။ i) site အတွင်းအလုပ်လုပ်သူအားလုံး၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ii) site (သို့) ဆက်စပ်ဧရိယာကို ဖြတ်သန်းသွားလာသူအားလုံးဘေးအန္တရာယ်ကင်းရှင်းရေး တို့ဖြစ်ကြပါသည်။

i) site အတွင်းအလုပ်လုပ်သူအားလုံး၏ ဘေးအန္တရာယ်ကင်းရှင်းရေး- အထွေထွေလုပ်သား၊ ကျွမ်းကျင်လုပ်သားများ၊ ကြီးကြပ်ရေးမှူး၊ မန်နေဂျာ၊ ဧည့်သည်များ စသည်တို့အား မတော်တဆမှုအားလုံးမှ ကာကွယ်ရမည်။ (ဦးထုပ်၊ လက်အိတ်၊ ဘိနပ်..စသည်ဖြင့်) စသည့်အကာအကွယ်ပစ္စည်းများအတွက် ဘေးအန္တရာယ် ကင်းရှင်းရေး ကုန်ကျစရိတ်ကိုအသုံးပြုပါသည်။

ii) site (သို့) ဆက်စပ်ဧရိယာကို ဖြတ်သန်းသွားလာသူအားလုံးဘေးအန္တရာယ်ကင်းရှင်းရေး- ဆောက်လုပ်ရေးလုပ်ငန်း တည်နေရာသည် လမ်းမကြီး၊ လမ်းသွယ် ကဲ့သို့သော အများပြည်သူသွားလာသည့်နေရာနှင့် နီးပါက ဆောက်လုပ်ရေးအလုပ်နှင့် ယာဉ်များဝင်ထွက်သွားလာရာတွင် အန္တရာယ်ကင်းစွာ စီမံထိန်းချုပ်ရမည်။ ယာဉ်ဝင်/ထွက်ကို ထိန်းချုပ်ရန် အစောင့်အချို့ချထားရမည်ဖြစ်ပါသည်။

5) အထွေထွေကုန်ကျစရိတ်- ဤကုန်ကျစရိတ်သည် ကြိုးသံ၊ပလပ်စတစ် (သို့)အဝတ်အိတ်၊ တစ်ဘီးတပ်လက်တွန်းလှည်း၊ ရေပုံး စသည်တို့ကဲ့သို့သော ယာယီအလုပ်များအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရာတွင်အသုံးပြုသည့် အခြားကုန်ကျစရိတ်ဖြစ်ပါသည်။

နောက်ဆက်တွဲ(၆) တွင် ၂၀၁၉ခုနှစ်၊ ကုန်းနီကျေးရွာကမ်းပါးဆောက်လုပ်ရေး၏ ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်မှုကို ဖော်ပြထားပါသည်။

**(2) တိုက်ရိုက်ကုန်ကျစရိတ် တွက်ချက်ခြင်း**

1) ပစ္စည်းကုန်ကျစရိတ် - ၄င်းသည်ပစ္စည်းယူနစ်ဈေးနှုန်းနှင့် ပမာဏကိုအခြေခံတွက်ချက်ခြင်းဖြစ်သည်။ ပစ္စည်းများ၏ယူနစ်ဈေးနှုန်းကို ပစ္စည်းရောင်းချသူအချို့ထံမှ ကြားသိရသော ဈေးနှုန်းအပေါ်အခြေခံတွက်

ချက်ခြင်းဖြစ်သည်။ အဆိုပါကုန်ကျစရိတ်တွင် ပစ္စည်းပို့ ခပါဝင်ပြီးဖြစ်ပါသည်။

2) စက်ယန္တရားကုန်ကျစရိတ် - စက်ယန္တရားငှားရမ်းခကို ငှားရမ်းသူများထံမှသိရသော ယူနစ်ဈေးနှုန်းနှင့် မိမိအသုံးပြုမည့် ခန့်မှန်းရက်ဖြင့် တွက်ချက်ရပါသည်။

3) အလုပ်သမားခ - အလုပ်သမားခကို ကျေးရွာသူ/သားများနှင့်ညှိနှိုင်းဆွေးနွေးထားသော ယူနစ်ဈေးနှုန်း (နေ့စားခ)နှင့် မိမိ၏လုပ်ငန်းအစီအစဉ်အပေါ်အခြေခံသည့် အလုပ်လုပ်ရက်များဖြင့် ခန့်မှန်းတွက်ချက်ရပါသည်။

4) ဘေးအန္တရာယ်ကင်းရှင်းရေး ကုန်ကျစရိတ် - လုပ်ငန်းအစီအစဉ်အပေါ်အခြေခံ၍ အလုပ်သမားများအတွက်လိုအပ်မည့်ပစ္စည်းအရေအတွက် (ဦးထုပ်၊ လက်အိတ်၊ ဘိနပ်..စသည်ဖြင့်)ကို တွက်ချက်ရမည်ဖြစ်ပါသည်။ သစ်တော်ဦးစီးဌာန(FD)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (IWUMD), JICA, တက္ကသိုလ်များစသည့် ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းများ(သို့) ဧည့်သည်များအတွက် ဦးထုပ်အရည်အတွက် တွက်ချက်ရန်လိုအပ်ပါသည်။ အဆိုပါပစ္စည်းများ၏ ဈေးနှုန်းကိုမူ ဈေးဆိုင်များမှသိရသော ဈေးနှုန်းကိုအခြေခံ၍ တွက်ချက်ရပါမည်။ ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ တိုက်ရိုက်ကုန်ကျစရိတ် စုစုပေါင်းတွင် ပါဝင်သော ဤကုန်ကျစရိတ် တွက်ချက်ထားမှု၏ ရာခိုင်နှုန်းကိုနောင်လာမည့် ဆောက်လုပ်ရေးစီမံချက်အတွက် အသုံးပြုမည် ဖြစ်ပါသည်။

5) အထွေထွေကုန်ကျစရိတ် - ဤစရိတ်အတွက် ကုန်းနီကျေးရွာကမ်းပါးဆောက်လုပ်ရေး၏ ကုန်ကျစရိတ်ကိုအခြေခံပါမည်။ ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ တိုက်ရိုက်ကုန်ကျစရိတ် စုစုပေါင်းတွင် ပါဝင်သော ဤကုန်ကျစရိတ်တွက်ချက်ထားမှု၏ရာခိုင်နှုန်းကို နောင်လာမည့်ဆောက်လုပ်ရေး စီမံချက်များအတွက် အသုံးပြုမည်ဖြစ်ပါသည်။

### 3.5 (အခန်း ၅) ဆောက်လုပ်ရေး အစီအစဉ် (Construction planning)

ဆောက်လုပ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ထားရမည်။ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယားကို အောက်တွင်ဖော်ပြထားပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.5-1 ကမ်းပါးပြိုမှုထိန်းချုပ်ရေး၏ ဆောက်လုပ်ရေးလုပ်ငန်းစဉ်**

### 3.5.1 လုပ်ငန်းစတင်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိခြင်းနှင့် လုပ်ငန်းပြီးချိန် ပြန်လည်သိမ်းဆည်းခြင်း (Mobilization and demobilization)

Mobilization တွင် i) လုပ်ငန်းတည်နေရာ အနေအထားစစ်ဆေးခြင်း၊ ii) ယာယီနေရာများ ပြင်ဆင်ခြင်း၊ iii) ပစ္စည်းများမှာယူခြင်းနှင့် iv) ပစ္စည်းများဝယ်ယူခြင်းတို့ ပါဝင်ပါသည်။ ယာယီနေရာကို site၏ ပစ္စည်းသိုလှောင်ရန်သင့်တော်သောနေရာတွင် ပြင်ဆင်ရမည်ဖြစ်ပါသည်။ ပင်မဆောက်လုပ်ရေး ပြီးသွားသောအခါ ယာယီနေရာများကို ဖယ်ရှားရမည်ဖြစ်ပြီး site ကို သန့်ရှင်းရေး လုပ်ရမည်ဖြစ်ပါသည်။ ၎င်းကို demobilizationဟု ခေါ်ပါသည်။

### 3.5.2 ပင်မအဆောက်အအုံများ၏ တည်ဆောက်ရေးအဆင့်များ

ကမ်းပါးပြိုမှုထိန်းချုပ်ရေး၏ အဓိကအဆောက်အအုံများမှာ 1) နန်းထိန်းတမံ၊ 2) ရေးလမ်းကြောင်း နှင့် 3) ရေလွှဲလမ်းကြောင်းတို့ ဖြစ်ကြပါသည်။ အဓိကအဆောက်အအုံများ တည်ဆောက်ရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို အောက်တွင်ဖော်ပြထားပါသည်။

### (1) နန်းထိန်းတမံ

နန်းထိန်းတမံဆောက်လုပ်ရေး၏ အဓိကအဆင့်များမှာ 1) မြေတိုက်စားမှု တိုင်းတာခြင်း 2) မြေတူးဖော်ခြင်းနှင့် ပန်းရံလုပ်ငန်းတို့ ဖြစ်ကြပါသည်။ ပန်းရံလုပ်ငန်းတွင် အင်္ဂတေလောင်းခြင်းနှင့် အင်္ဂတေအသားနှပ်ခြင်း(masonry curing)တို့ ပါဝင်ပါသည်။ အင်္ဂတေ၏ ခိုင်မာတောင့်တင်းမှု အားကောင်းရန် အမြင့်ကို တစ်ရက်လျှင် ၅၀ စင်တီမီတာအတွင်း သတ်မှတ်ရမည်ဖြစ်ပြီး ထိတွေ့ ကိုင်တွယ်မှုမရှိပဲ အနည်းဆုံး (၁)ရက် ထားရမည်ဖြစ်ပါသည်။ အပေါ်ဆုံးအလွှာ(top layer) ကောင်းမွန်စွာ အသားနှပ်သွားသည့် တိုင်အောင် အင်္ဂတေလောင်းခြင်း နှင့် အင်္ဂတေအသားနှပ်ခြင်း ကိုထပ်တလဲလဲပြုလုပ်ရမည်ဖြစ်ပါသည်။

**(2) ရေလမ်းကြောင်း**

ရေလမ်းကြောင်းတည်ဆောက်ခြင်း၏ အဓိကအဆင့်များမှာ 1) ကျောက်စီထားသည့် ဇရိယာကိုစစ်ဆေး ခြင်းနှင့် အတည်ပြုခြင်း 2) ကမ်းပါးကြမ်းပြင်ညှိခြင်း 3) ကျောက်စီခြင်းစသည်တို့ ဖြစ်ပါသည်။

**(3) ရေလွှဲလမ်းကြောင်း**

ရေလွှဲလမ်းကြောင်းတည်ဆောက်ခြင်း၏ အဓိကအဆင့်များမှာ 1) ရေလွှဲလမ်းကြောင်း စစ်ဆေးအတည်ပြု ခြင်းနှင့် အဆိုပါရေလွှဲလမ်းကြောင်းအား တူးဖော်ခြင်းတို့ ဖြစ်ပါသည်။

### 3.5.3 ဆောက်လုပ်ရေး အစီအစဉ်ဇယား ရေးဆွဲခြင်း

ဆောက်လုပ်ရေးအစီအစဉ်ဇယားတွင် site ထဲရှိဆောက်လုပ်ရေးလုပ်ငန်းအများအပြား၏ လုပ်ငန်းအစီအ စဉ်များနှင့် အစဉ်လိုက်ကိုဖော်ပြထားပါသည်။ ဥပမာ အင်္ဂတေအသားနပ်ခြင်းအတွက် အချိန်(၁) ရက်လိုအပ် ပါသည်။ သို့သော်အဆိုပါ နန်းထိန်းတမံ အင်္ဂတေသားနပ်စဉ်အတောအတွင်း အခြားလုပ်ငန်းများဆက်လုပ် နေရမည်။ Bar-chartပုံစံ အစီအစဉ်ဇယားသည် ရိုးရှင်းပြီးအသုံးများပါသည်။ ၂၀၁၉ခုနှစ် ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ Bar-chartပုံစံ ဆောက်လုပ်ရေး အစီအစဉ်ဇယားကို နောက်ဆက်တွဲ (၇)တွင် ဖော်ပြထားပါသည်။

ဆောက်လုပ်ရေး အစီအစဉ်ဇယားတွင် Bar-chartပုံစံ (၃)မျိုးရှိပါသည် 1) layout ပုံစံ 2) structurewise ပုံစံ နှင့် 3) အဆောက်အအုံတစ်ခုချင်း၏ အသေးစိတ်အစီအစဉ်ဇယားပုံစံတို့ ဖြစ်ကြပါသည်။ ဆောက်လုပ်ရေး အစီအစဉ်ဇယားပုံစံ (၁)တွင်ဆောက်လုပ်ရေး၏ပုံအားလုံးကိုပြသထားသည်။ ဇယားပုံစံ (၂)တွင် အဆောက် အအုံတစ်ခုချင်း၏ အစီအစဉ်ဇယားကိုပြသထားပြီးဇယားပုံစံ (၃)တွင် အဆောက်အအုံတစ်ခုချင်း၏ လုပ်ငန်း အဆင့်တိုင်းအတွက် အသေးစိတ်အစီအစဉ်ကို ပြသထားပါသည်။ ဇယားပုံစံ(၂)သည် ဇယားပုံစံ(၃)ကို အခြေခံ၍ ပြင်ဆင်ရပါသည်။ ဆောက်လုပ်ရေးအစီအစဉ်ဇယားကို အမှန်တကယ်ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေအပေါ်မူတည်၍ ပြန်လည်ပြင်ဆင်မွမ်းမံရမည်ဖြစ်ပါသည်။ သို့သော်လည်း ပစ္စည်းများအချိန်မီ ရောက်ရှိရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရေးအတွက် "baseline schedule" ကိုဆောက်လုပ်ရေးလုပ်ငန်း မစတင်မီပြင်ဆင်ရေးဆွဲထားရမည် ဖြစ်ပါသည်။ ထို့ နောက် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်စဉ်အတွင်း အစီအစဉ်ဇယားကို နေ့စဉ် (သို့) နှစ်ရက်၊ သုံးရက် တစ်ကြိမ်(သို့) အနည်းဆုံးတစ်ပတ်တစ်ကြိမ် စစ်ဆေးရမည်ဖြစ်ပြီး အမှန်တကယ် ဖြစ်ပေါ်တိုးတက်မှုများကို အစီအစဉ်ဇယားတွင် ထည့်သွင်းပေးရမည်ဖြစ်ပါသည်။ အပြောင်းအလဲ တစ်စုံတစ်ခုဖြစ်ပေါ်ပါကလည်း အစီ အစဉ်ဇယားကို ပြင်ဆင်မွမ်းမံပေးရမည်ဖြစ်ပါသည်။

### 3.5.4 ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံ

ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးဆုံးသော အချက်တစ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီ ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံကို ပြင် ဆင်ထားရမည်ဖြစ်ပါသည်။ ဘေးအန္တရာယ်ကင်းရှင်းရေးတွင် site အတွင်း အလုပ်လုပ်သူများနှင့် ဆက်စပ် ပုဂ္ဂိုလ်များ(သို့)siteအနီးအနား(သို့)siteကိုဖြတ်သွားသောယာဉ်များအတွက် ပါဝင်ပါသည်။ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အစီအမံများပြင်ဆင်ထားရှိပြီး အလေးထားဆောင်ရွက်သော်လည်း တစ်ခါတစ်ရံ မတော်တဆမှုဖြစ်တတ်ပါသည်။ ထို့ကြောင့် အရေးပေါ်အခြေအနေဖြစ်ပွားပါက ချိတ်ဆက်မှု ပြုလုပ်နိုင်ရန်

ချိတ်ဆက်မှုကွန်ယက် "network" ပြင်ဆင်ထားရမည်ဖြစ်ပါသည်။ မတော်တဆမှုဖြစ်ပွားပါက ဆောက်လုပ်ရေးနှင့်ပတ်သက်သူအားလုံးသည် ထိခိုက်ဒဏ်ရာရသူအား ကူညီကယ်ဆယ်ပေးရမည်ဖြစ်ပြီး ပြဿနာပြေလည်ရန်လည်း ဖြေရှင်းပေးရမည်ဖြစ်ပါသည်။

**(1) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ရေးအစီအမံ (ဦးထုပ်၊ လက်အိတ်၊ ဘိနပ်...စသည်ဖြင့်)**
ဆောက်လုပ်ရေးလုပ်ငန်းတွင် အဖြစ်အများဆုံးအန္တရာယ်သည် အလုပ်သမားများနှင့်ဆိုင်သော ထိခိုက်မှုများဖြစ်ပါသည်။ ထို့ကြောင့် ဦးထုပ်၊ လက်အိတ်နှင့် ဘိနပ်ကဲ့သို့သော အကာအကွယ်များကို အလုပ်သမားများအတွက် စီစဉ်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် ဧည့်သည်များ အပါအဝင် ဆောက်လုပ်ရေး site သို့ ဝင်ရောက်သူအားလုံးကို ဦးထုပ်စီစဉ်ပေးရမည်ဖြစ်ပါသည်။ အဆိုပါ ပစ္စည်းကိရိယာများ၏ အရေအတွက် ခန့်မှန်းတွက်ချက်မှုနှင့် ဝယ်ယူမှုကို ဆောက်လုပ်ရေးလုပ်ငန်း မစတင်မီကတည်းက အပြီးဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

**(2) အရေးပေါ်အခြေအနေထိန်းချုပ်ရေး အစီအမံ(အရေးပေါ် ချိတ်ဆက်မှုကွန်ယက်)**
မတော်တဆမှုတစ်ခုခုဖြစ်ပွားပါက ဆောက်လုပ်ရေးအလုပ်နှင့် ပတ်သက်သောသူအားလုံးသည် ထိခိုက်ဒဏ်ရာရသူအား ကူညီကယ်ဆယ်ရန်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အရေးပေါ်ချိတ်ဆက်မှု ကွန်ယက်တွင် မည်ကဲ့သို့ ကူညီကယ်ဆယ်ရမည်၊ သက်ဆိုင်သည့်အဖွဲ့အစည်းများအား မည်ကဲ့ သို့ အသိပေးအကြောင်းကြားရမည် စသည်တို့ကိုပြသထားပါသည်။ နောက်ဆွဲတွဲ(၈)တွင် ၂၀၁၉ ခုနှစ် ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ အရေးပေါ်ချိတ်ဆက်မှုကွန်ယက်ကို ဖော်ပြထားပါသည်။

### 3.6 (အခန်း -၆) ဆောက်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီ ပစ္စည်းဝယ်ယူမှုနှင့်အလုပ်သမားစုဆောင်းမှုအခြေအနေတို့ကို အတည်ပြုရမည်ဖြစ်ပါသည်။

### 3.6.1 ပစ္စည်းဝယ်ယူရေးနှင့်ပို့ဆောင်ရေး အစီအမံ

ဆောက်လုပ်ရေးအတွက်ကျောက်၊သဲနှင့်ဘိလပ်မြေသည် အဓိကပစ္စည်းများဖြစ်ပါသည်။ အောက်ပါအချက်များကိုအတည်ပြု၍ ပစ္စည်းမှာယူနိုင်ရေး ပြင်ဆင်ရမည်ဖြစ်ပါသည်။

ဝယ်ယူမည့်ပစ္စည်းပမာဏ- ပစ္စည်းပမာဏကို ဒီဇိုင်းလုပ်စဉ်က ခန့်မှန်းတွက်ချက်ထားပြီးဖြစ်ပါသည်။

ရောင်းချသူများနှင့်ဆွေးနွေးညှိနှိုင်းခြင်း - ယူနစ်ဈေးနှုန်း၊ ပမာဏ၊ သယ်ယူစရိတ်နှင့်တကွစုစုပေါင်း ကုန်ကျစရိတ်၊ ပို့ပေးမည့်အချိန် စသည်တို့ကိုရောင်းချသူများနှင့်ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ပါသည်။ ကုန်ကျစရိတ်သက်သာရေးအတွက် သင့်တော်သောရောင်းချသူအချို့ကိုရွေးချယ်နိုင်ရန် ပစ္စည်းရောင်းချသူများအကြားပြိုင်ဆိုင်သည့်နည်းကိုအသုံးပြုရန် အကြံပြုပါသည်။

ခန့်မှန်းတွက်ချက်ထားသည့် ပစ္စည်းအရေအတွက်သည် အမှန်တကယ်အရေအတွက်နှင့်ကွဲလွဲမှု အချို့ရှိနိုင်ပါသည်။ ထို့ကြောင့်ပစ္စည်းများကိုအနည်းဆုံး(၃)ကြိမ်ခွဲ၍ ပို့ဆောင်ပေးရမည်ဖြစ်ပြီး နောက်ဆုံးအကြိမ်သည် အသုံးပြုပြီးပစ္စည်း၊ လိုအပ်မည့်ပစ္စည်းများကိုစစ်ဆေး၍ အမှန်တကယ် လိုအပ်မည့်အရေအတွက်ကိုသာ ပို့ဆောင်ပေးရမည်ဖြစ်ပါသည်။

ဘိလပ်မြေဖျော်စက်ကိုငှားရမ်းအသုံးပြုရန် အကြံပြုပါသည်။ ငှားရမ်းမှုကို ဆောက်လုပ်ရေးလုပ်ငန်း မစတင်မီကတည်းက ကန်ထရိုက်တာ/ငှားရမ်းသူများနှင့်ဆွေးနွေးညှိနှိုင်းထားရမည်ဖြစ်ပါသည်။ ငှားရမ်းမည့်ကာလ၊

ယူနစ်ဈေးနှုန်း၊ ငွေပေးချေမှုစသည်တို့ကို ကန်ထရိုက်တာ/ငှားရမ်းသူများနှင့် အတည်ပြုချက် ရယူထား ရမည်ဖြစ်ပါသည်။

### 3.6.2 ကျေးရွာများမှ အလုပ်သမားစုဆောင်းမှုကို အတည်ပြုခြင်း

ဆောက်လုပ်ရေး အစီအစဉ်ဇယားကို အခြေခံ၍ အလုပ်သမားစုဆောင်းရေးကို ကျေးရွာသူ/သား များနှင့် အတူ အတည်ပြုရန်လိုအပ်ပါသည်။ တစ်ရက်အလုပ်လုပ်ချိန်(အလုပ်စချိန်နှင့် ပြီးချိန်)၊ လုပ်အားခဈေးနှုန်း၊ ငွေပေးချေမှုပုံစံ စသည်တို့ကို အတည်ပြုရန်လည်းလိုအပ်ပါသည်။

## 3.7 (အခန်း -၇) ဆောက်လုပ်ခြင်း

### 3.7.1 ကြိုတင်ပြင်ဆင်မှု လုပ်ငန်း

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွင် 1) အလုပ်သမားစုဆောင်းခြင်း 2) ယာယီတဲ/နေရာပြင်ဆင်ခြင်း 3) ပစ္စည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် 4) ဘီလပ်မြေဖျော်စက်နေရာပြင်ဆင်ခြင်း စသည် တို့ပါဝင်ပါသည်။

### (1) အလုပ်သမားစုဆောင်းခြင်း

လုပ်ငန်းအစပိုင်းတွင် နေ့စဉ်နေ့တိုင်း ကျွမ်းကျင်လုပ်သားအရေအတွက်နှင့် အထွေထွေလုပ်သား အရေ အတွက်ကို စစ်ဆေးရမည်ဖြစ်ပါသည်။ တစ်ခါတစ်ရံ အလုပ်သမား အပြောင်းအလဲရှိတတ်ပြီး site ကြီးကြပ် သူသည် အဆိုပါအလုပ်သမားများကို အလုပ်နေရာကဲ့သို့သော လုပ်ငန်းစနစ်၊ အသုံးပြုပစ္စည်းကိရိယာ၊ ကြီးကြပ်မှုနည်းလမ်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံ အစရှိသောအချက်များကို ရှင်းပြပေးရန်လိုအပ် ပါသည်။

### (2) ယာယီတဲကြိုတင်ပြင်ဆင်ခြင်း

ယာယီတဲကို ကျောက်၊သဲ စသောပစ္စည်းများသိုလှောင်ရန်နှင့် အလုပ်သမားများနေ့လည်စာစားချိန်တွင် အနားယူရန် အသုံးပြုမည်ဖြစ်ပါသည်။ ပုံ 3.6-1 တွင် ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ ယာယီတဲ ကိုနမူနာအဖြစ်ဖော်ပြထားပါသည်။ တဲအရွယ်အစားကို ပစ္စည်းပမာဏနှင့် နေရာပေါ်မူတည်၍စဉ်းစားနိုင်ပါ သည်။ ယာယီတဲကို သစ်သားနှင့်ဖက်(သို့)အပြာရောင်တာပေါ်လင်စဖြင့်ဆောက်လုပ်နိုင်ပါသည်။ စီမံကိန်း ပထမအဆင့်(Phase-1)၏ ရှေ့ပြေးလုပ်ငန်းမှ အတွေ့အကြုံအရ မိုးကာကွယ်ရန် ယာယီတဲအမိုးကို အပြာ ရောင် တာပေါ်လင်စဖြင့်မိုးခြင်းသည် မသင့်တော်ပေ။ ဆောက်လုပ်ရေးကာလအတွင်း မိုးရွာနိုင်သည်ဟု မှန်းဆပါက သဘာဝဖက်ကိုအသုံးပြုရန် အကြံပြုပါသည်။



←Frame of temporary yard

↓Temporary yard with roof




ဓာတ်ပုံ - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.7-1 ယာယီတဲနမူနာ (ကုန်းနီ ကမ်းပါးဆောက်လုပ်ရေး ၂၀၁၉)**

**(3) ပစ္စည်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း(ပစ္စည်းတင်/ချလမ်း)နှင့် ပစ္စည်းသိုလှောင်ရန်နေရာ**

သဲ၊ ကျောက်များကို ရောင်းချသူများမှ site သို့ တိုက်ရိုက်လာချမည်ဖြစ်ပါသည်။ လမ်းမကြီးမှ site သို့ သွားသည့် ပစ္စည်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း၏ အကျယ်နှင့်မျက်နှာပြင်အနေအထားကို စစ်ဆေးရမည်ဖြစ်ပါသည်။

**(4) ဘိလပ်မြေဖျော်စက် နေရာပြင်ဆင်ခြင်း**

ကွန်ကရစ်ဖျော်စက်သည် အလွန်လေးပြီး ရွှေ့ပြောင်းရန် လူ(၁၀)ဦးခန့် လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးမစတင်မီကတည်းက ဘိလပ်မြေဖျော်စက်နေရာကို ညီညာပြန့်ပြူး သောနေရာတွင် ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

**3.7.2 နန်းထိန်းတမံတည်ဆောက်ခြင်း**

နန်းထိန်းတမံတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ 1) နေရာ အတည်ပြုခြင်း 2) ပန္နက်ရိုက် တိုင်းတာခြင်း 3) မြေတူးခြင်းနှင့် 4)ပန်းရံလုပ်ငန်းစသည်တို့ဖြစ်ပါသည်။ ကျောက်စီနန်းထိန်းတမံ ဖြစ်ပါက နံပါတ် 4) နေရာတွင် ကျောက်စီလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါမည်။ သို့သော်ယခုစာတမ်းတွင် အုတ်စီ/အင်္ဂတေ နန်းထိန်းတမံကိုသာဖော်ပြထားပါသည်။

**(1) အဆောက်အအုံနေရာ အတည်ပြုခြင်း**

နန်းထိန်းတမံဆောက်လုပ်ရေးတွင် ထိရောက်သောတည်ဆောက်မှုအတွက် ဒီဇိုင်းပြင်ဆင်ထားရှိမှုနှင့် ကိုက်ညီရန် နန်းထိန်းတမံ၏နေရာသည် အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်ပါသည်။ အောက်ပါ ပုံထဲရှိအနီရောင်မြားများသည် နန်းထိန်းတမံအရွယ်အစားနှင့်နေရာ တိကျစေရန် လိုအပ်သော အကွာအဝေးများ ဖြစ်ပါသည်။ အကွာအဝေးများအားလုံးတွင် အနက်(depths)များသည် ဗဟိုမှတ် (center point) ပေါ်တွင် အခြေခံပါသည်။ ထို့ကြောင့် နန်းထိန်းတမံ ဆောက်လုပ်ပြီးစီးသည်အထိ ဗဟိုမှတ်(Center point)ကို ငုတ်တိုင်များနှင့် ကြိုးများဖြင့် မှတ်သားထားရမည်ဖြစ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ3.7-1 နေရာသတ်မှတ်ရေးအတွက် လိုအပ်သောအကွာအဝေးများ**

### (2) မြေပေါ်တွင် ငုတ်တိုင်များဖြင့် အမှတ်အသားပြုလုပ်ခြင်း( ဗဟိုမျဉ်း၊ မြေညှိရန်အတွက် bench mark... စသည်ဖြင့်)

ပုံ 3.7-2 တွင် တိကျသောနေရာ မှတ်သားခြင်းနည်းလမ်းကို ဖော်ပြထားပါသည်။ မြေတူးလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း ဗဟိုမှတ်နှင့် အခြားအမှတ်များကွယ်ပျောက်သွားမည်ဖြစ်ပါသည်။ ငုတ်တိုင်များနှင့် ကြိုးများကို site ထဲရှိ နေရာများအတိအကျနှင့် အကွာအဝေးများ ဖော်ပြရာတွင် အသုံးပြုရမည်ဖြစ်ပါသည်။ ငုတ်တိုင်များနှင့်ကြိုးများကို မြေတူးဖော်သည့်နေရာ၏အပြင်သို့ ထုတ်ထားရမည် ဖြစ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ3.7-2 ပန္နက်ရိုက် တိုင်းတာခြင်း Groundbreaking Survey (နန်းထိန်းတမံ)**

### (3) မြေတူးဖော်ခြင်းလုပ်ငန်း

မြေတူးဖော်ခြင်းလုပ်ငန်းသည် အောက်ခြေမှစတင်ပါသည်။ အောက်ခြေဧရိယာနှင့် level အမြင့်ကို အတည်ပြုပြီးနောက် နန်းထိန်းတမံ၏ ဘေးဘက်ရှိမြေများကိုတူးဖော်ရပါမည်။ အသေးစားကမ်းပါးအတွက် မြေတူး

ခြင်းကိုလူအားဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည် အကြောင်းမှာ မြေတူးထုတ်ရမည့်ပမာဏ သိပ်မများသော ကြောင့်ဖြစ်ပါသည်။ တူးထုတ်ထားသောမြေစာများကို နန်းထိန်းတမံ၏အပေါ်ဘက်တွင် စုပုံရမည်ဖြစ်ပြီး အောက်ဘက်တွင် မစုပုံရပေ။

**(4) ပန်းရံလုပ်ငန်း (Masonry work)**

1) အင်္ဂတေအတွက် ပြင်ဆင်ခြင်း

ပန်းရံလုပ်ငန်းတွင် i) အင်္ဂတေနှင့် ii) ကျောက်ကိုပေါင်းစပ်ထားပါသည်။ အင်္ဂတေကို i) ဘိလပ်မြေ၊ ii) သဲနှင့် iii) ရေတို့ဖြင့်ပြင်ဆင်ရပါသည်။ ဘိလပ်မြေနှင့် သဲ၏အချိုးမှာ အလေးချိန်အချိုး 1:2 မှ 1:3အထိဖြစ် ပါသည်။ site ထဲတွင် အလေးချိန်စစ်ဆေးရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဘိလပ်မြေနှင့် သဲတို့၏ ယူနစ် အလေးချိန်နှင့် အရည်အသွေးတိုင်းတာမှုကို ရေပုံးကဲ့သို့သော ရိုးရှင်းသည့်ပစ္စည်းဖြင့်တိုင်းတာရန် လိုအပ် ပါသည်။ ကုန်နီကျေးရွာ ကမ်းပါးဆောက်လုပ်ရေးတွင် ဘိလပ်မြေ (၁)ပုံး၊ သဲ(၃)ပုံးအချိုးကိုအသုံးပြုခဲ့ပါ သည်။ ဘိလပ်မြေနှင့်သဲကို ရေဖြင့်ရောရမည်ဖြစ်ပြီး ရေပမာဏကိုမူ သတ်မှတ်မထားပဲ မိမိ၏အတွေ့အကြုံ ဖြင့်အသုံးပြုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် အများအားဖြင့် ဘိလပ်မြေဖျော်စပ်မှုကိုလူဖြင့်ဖျော်စပ်ကြပါသည်။ ကုန်ကျစရိတ်ကြောင့် သစ်တောဦးစီးဌာန၏ ယခုအကြိမ် ဆောက်လုပ်ရေးအတွက် အဆိုပါလူအားဖြင့်ဖျော်စပ်သည့်နည်းသည် သင့်တော်ပါသည်။ သို့သော်လည်း ဘိလပ်မြေဖျော်စက်၏ လုပ်ငန်းပြီးမြောက်မှုနှင့် အင်္ဂတေ အရည်အသွေး မှာ လက်ဖျော်ထက်ပိုကောင်းပါသည်။ ထို့ကြောင့် ဘိလပ်မြေဖျော်စက် အသုံးပြုရန် အကြံပြုပါသည်။

2) ပန်းရံလုပ်ငန်း

ပထမဦးစွာအောက်ခြေအနက်ကို အင်္ဂတေဖြင့် ၅စင်တီမီတာ မှ ၁၀ စင်တီမီတာအကြား ပြင်ဆင်ထားရမည်။ ထို့နောက် ကျောက်တုံးများကို အောက်ခြေတွင်စီထားရမည် ကျောက်တုံးများအကြား ဟနေသော နေရာ များကို အင်္ဂတေဖြင့်ဖြည့်ပေးရမည်ဖြစ်ပြီး ကျောက်တုံးကို အင်္ဂတေထဲထည့်စီခြင်းမဟုတ်ပေ။ ပန်းရံလုပ်ငန်း ၏ပုံကို အောက်တွင်ဖော်ပြထားပါသည်။



- Basement by cement paste
- Big stones will be spread
- Spaces big stones will be filled by small stones
- All spaces will be filled by cement paste




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.7-3 ပန်းရံ/အင်္ဂတေလုပ်ငန်း (နန်းထိန်းတမံ)**

၅၀စင်တီမီတာ အမြင့်ပန်းရံလုပ်ငန်းပြီးသွားသောအခါ အင်္ဂတေသားနပ်ရန်အတွက်အနည်းဆုံး(၁)ရက် ထား ရမည်ဖြစ်ပါသည်။ နောက်တစ်ကြိမ်အင်္ဂတေလုပ်ငန်းပြန်စသောအခါ အင်္ဂတေအသစ်နှင့်ကပ်စေရန် လက်ရှိ အင်္ဂတေမျက်နှာပြင်ကိုခြစ်ကုတ်ပေးရမည်ဖြစ်ပါသည်။

### 3.7.3 ရေလမ်းကြောင်းတည်ဆောက်ခြင်း

#### (1) ရေလမ်းကြောင်းနေရာ အတည်ပြုခြင်း

ရေလမ်းကြောင်းသည် နန်းထိန်းတမံနှစ်ခုနှင့် ဆက်သွယ်ထားသည်။ နန်းထိန်းတမံနှစ်ခု အကြားရှိ ကမ်းပါး ကြမ်းပြင်ကို ကျောက်တုံးများဖြင့်ဖြည့်ပေးရမည်။ ရေလမ်းကြောင်းစတင်တည်ဆောက်စဉ်တွင် ကမ်းပါး ကြမ်းပြင်၏ အကျယ်နှင့် ဆက်သွယ်မှုကို အတည်ပြုရမည်ဖြစ်ပါသည်။

#### (2) ရေလမ်းကြောင်းတူးဖော်ခြင်း

ရေလမ်းကြောင်းအတွက် မြေသားအမြောက်အများတူးထုတ်ရန်မလိုအပ်ပေ။ ကျောက်တုံးစီရန်အတွက် နေရာသန့်ရှင်းရေးလုပ်ပေးရုံဖြင့်လုံလောက်ပါသည်။ ကမ်းပါးကြမ်းပြင်၏ မျက်နှာပြင်မညီညာကြမ်းတမ်းနေပါက ညှိပေးရမည်ဖြစ်ပါသည်။

#### (3) ကျောက်စီခြင်း

ပထမဦးစွာ နန်းထိန်းတမံနှင့် ဆက်သွယ်သည့် ရေလမ်းကြောင်းအိမ် "socket" နှစ်ခု (အပေါ်ဘက်နှင့် အောက်ဘက်) တည်ဆောက်ပေးရမည်။ ထို့နောက် အဓိကအပိုင်းကို တည်ဆောက်ရမည်ဖြစ်ပါသည်။

အောက်ပါပုံတွင်ဖော်ပြထားသည့်အတိုင်း ထောင့်မှန်စတုဂံပုံကျောက်တုံးသည် စက်လုံးပုံနှင့်စတုရန်းပုံ သဏ္ဍာန်ကျောက်များထက်ပိုကောင်းပါသည်။ရေလမ်းကြောင်း၏ရည်ရွယ်ချက်မှာရေစီးဆင်းမှုကို တည့်မတ်ပေးရန်ဖြစ်ပါသည်။ ရေသည်ပထမဦးစွာ ကျောက်တုံးများအကြားတွင်စီးဆင်းမည် ထို့နောက် မျက်နှာပြင်ပေါ်စီးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့်ထောင့်မှန်စတုဂံပုံကျောက်တုံးသည်ပိုကောင်းပြီး ကျောက်တုံးများ အကြားကွက်လပ်ကို နည်းနိုင်သမျှနည်းအောင်စီပေးရမည်ဖြစ်ပါသည်။ ကျောက်တုံးများ၏ အစွန်းများသည် ပွတ်တိုက်မှုအားကိုတိုးပွားစေပြီး ရေလမ်းကြောင်းကို ကြံ့ခိုင်စေပါသည်။ ကျောက်စီပြီးနောက်တွင် ကျောက်တုံးများ ကျစ်လစ်သွားမည်ဖြစ်ပါသည်။




ဓာတ်ပုံ - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.7-4 ကျောက်စီခြင်းလုပ်ငန်း (ရေလမ်းကြောင်း)**

### 3.7.4 မြေပေါ်ရေလွှဲလမ်းကြောင်း တည်ဆောက်ခြင်း

**(1) ရေလွှဲလမ်းကြောင်းနေရာ အတည်ပြုခြင်း**

အခန်း 3.4.3 (3) တွင်ဖော်ပြခဲ့သည့်အတိုင်း မြေပြင်ပေါ်မှရေများ အဆုံးထိစီးဆင်းသွားစေရန် မြေပေါ်ရေလွှဲလမ်းကြောင်း၏ နယ်နိမိတ်မျဉ်းကို ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။

**(2) မြေပေါ်ရေလွှဲလမ်းကြောင်း တူးဖော်ခြင်း**

ရေလွှဲလမ်းကြောင်းသည် မြေတူးဖော်ရန်သာလိုပြီး မည်သည့်တည်ဆောက်မှုမျှမလိုအပ်ပေ။ တူးဖော်ထားသော မြေစာများကို မြောင်း၏နှစ်ဖက်စလုံးတွင်စုပုံရမည်ဖြစ်ပြီး မြေသားကျစ်အောင်လုပ်ပေးရမည်ဖြစ်ပါသည်။

### 3.7.5 အပင်စိုက်ပျိုးခြင်း

**(1) စိုက်ပျိုးရေးဇရိယာ**

အပင်များပေါက်ရောက်ဖုံးလွှမ်းမှုကို အရှိန်မြင့်ပေးရန် အပင်စိုက်ပျိုးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ စိုက်ပျိုးရေးဇရိယာသည် ကမ်းပါး၏ဘေးနှစ်ဖက်စလုံးဖြစ်ပါသည်။

**(2) သဘာဝအပင် စိုက်ပျိုးရေး**

သစ်ပင်များအစား မြက်ပင်များကိုစိုက်ပျိုးရန်အကြံပြုပါသည် အကြောင်းမှာ ၎င်းတို့၏ ကြီးထွားမှုနှုန်းနှင့် အလေးချိန်ကြောင့်ဖြစ်ပါသည်။ ဒေသတွင်းအသုံးများသော မြက်မျိုးစိတ်အချို့သည် သဘာဝအပင်စိုက်ပျိုးရေးအတွက် ကောင်းမွန်အဆင်ပြေပါသည်။

**(3) အပင်စိုက်ပျိုးရေး လုပ်ငန်း**

စိုက်ပျိုးပင်များ၏ ကြားအကွာအဝေးကို ဒေသတွင်းစိုက်ပျိုးကြသောစနစ်၏ အကွာအဝေးအတိုင်း စိုက်ပျိုးနိုင်ပါသည်။ ၂၀၁၉ခုနှစ် ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး၏ မြက်စိုက်ပျိုးမှု အကွာအဝေးကို အောက်တွင်ဖော်ပြထားပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.7-5 မြက်စိုက်ပျိုးရေး ကြားအကွာအဝေး (Vetiver မြက်: *Chrysopogon zizanioides*)**

### 3.7.6 Demobilization/ ပြန်လည်သိမ်းဆည်းခြင်း

**(1) ယာယီတဲ ဖယ်ရှားခြင်း**

ဆောက်လုပ်ရေးလုပ်ငန်းပြီးဆုံးပြီးနောက် ကျန်ရှိသောပစ္စည်းများ (ကျောက်၊သဲ၊ဘိလပ်မြေ)ကို အခြားဆောက်လုပ်ရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်ပါသည်။ ယာယီတဲအတွက်အသုံးပြုသော ဂါးများကို site အနီး လုံခြုံသည့်နေရာများတွင် ချန်ထားရမည်ဖြစ်ပါသည်။

**(2) site သန့် ရှင်းရေးလုပ်ခြင်း**

Site အားလုံးသန့် ရှင်းရေးလုပ်ရမည်ဖြစ်ပြီး ကျန်ခဲ့ခြင်းမရှိစေရ။

### 3.8 (အခန်း ၈) စစ်ဆေးခြင်း

ကမ်းပါးပြိုမှုထိန်းချုပ်ရေးအစီအမံတွင် 1) အရည်အသွေးစစ်ဆေးခြင်းနှင့် 2)တိုးတက်မှုအခြေအနေ စစ်ဆေးခြင်းဟူ၍ စစ်ဆေးမှုပုံစံ (၂)မျိုးရှိပါသည်။ အရည်အသွေးစစ်ဆေးခြင်းတွင် အဓိကအားဖြင့် ပစ္စည်းများ၏အရည်အသွေးကိုစစ်ဆေးပြီး တိုးတက်မှုအခြေအနေစစ်ဆေးခြင်းတွင် မြေတူးဖော်သည့်လုပ်ငန်းနှင့် အင်္ဂတေလုပ်ငန်း (သို့ )ကျောက်စီလုပ်ငန်းများ၏ ပြီးစီးမှုအတိုင်းအတာကို စစ်ဆေးခြင်းဖြစ်သည်။

### 3.8.1 အရည်အသွေးစစ်ဆေးခြင်း

ကမ်းပါးပြိုမှုထိန်ချုပ်ရေးအတွက် အဓိကပစ္စည်းများမှာ ကျောက်၊ သဲနှင့် ဘိလပ်မြေတို့ ဖြစ်ပါသည်။ အဆိုပါပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ချက်ကို ရောင်းချသူနှင့်ညှိနိုင်းသတ်မှတ်ရမည်ဖြစ်ပြီး ပစ္စည်းမှာယူရာတွင်လည်း စည်းကမ်းသတ်မှတ်ထားရမည်ဖြစ်ပါသည်။ ပစ္စည်းပို့ ပေးသည့်အခါ စီမံကိန်းမှအရည်အသွေးစစ်ဆေးရပါမည်။ အကယ်၍ပစ္စည်း၏အရည်အသွေးသည် သတ်မှတ်ထားသော အရည်အသွေးမပြည့်မီပါက ရောင်းချသူမှအဆိုပါပစ္စည်းများကို ပြန်သယ်သွားရမည်ဖြစ်သကဲ့သို ့ အခြားအရည်အသွေးပြည့်ပစ္စည်းကို ပြန်လည်ပို့ ဆောင်ပေးရမည်ဖြစ်ပါသည်။

ပစ္စည်းမှာယူရာတွင် ခန် ့မှန်းတွက်ချက်ထားသည့်အရည်အတွက်ဖြင့်မှာယူရမည်ဖြစ်သော်လည်း အမှန်တကယ်ပစ္စည်းလက်ခံရရှိမှုသည်ပြောင်းလဲနိုင်ပါသည်။ အထူးသဖြင့် ကျောက်နှင့်သဲပမာဏ ဖြစ်ပါသည်။ အကယ်၍အဆိုပါပစ္စည်းသုံးစွဲမှုပမာဏသည် ပိုများပါက လိုအပ်သည့်ပမာဏကို ထပ်မံမှာယူရမည်ဖြစ်ပြီး သုံးစွဲမှုပမာဏ လျော့နည်းပါက မှာယူသည့်ပမာဏလျော့ရမည်ဖြစ်ပါသည်။ ထိုအခြေအနေမျိုးတွင် ကျောက်နှင့်သဲတို ့ပို ့ပေးသည့်အခါ အရည်အတွက်ကိုသာမက လက်ခံရရှိသည့်ပစ္စည်းများ၏အရည်အသွေးကိုပါမှတ်သားထားရမည်ဖြစ်ပါသည်။ ကျောက်၊ သဲနှင့် ဘိလပ်မြေတို့ ၏ အရည်အသွေးလိုအပ်ချက်ကို အောက်တွင် ဖော်ပြထားပါသည်။

**(1) ကျောက်**

ရေလမ်းကြောင်းနှင့် အင်္ဂတေလုပ်ငန်းအတွက်လိုအပ်သောကျောက်အရွယ်အစားမှာ အချင်း ၆ပေ မှ ၉ပေ (15စင်တီမီတာ မှ 22 စင်တီမီတာ)အထိဖြစ်ပါသည်။

**(2) သဲ**

ပန်းရံလုပ်ငန်းအတွက် သဲအရွယ်အစားမှာ ၅မီလီမီတာအောက်သေးငယ်ရမည်ဖြစ်ပါသည်။ ထို့ ကြောင့် site ထဲသို ့သဲပို ့ပေးသည့်အခါ အရွယ်အစားစစ်ဆေးရမည်ဖြစ်ပါသည်။ ထို ့ပြင်သဲသည် လုံလုံလောက်

လောက်ခြောက်သွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင်မြန်မာနိုင်ငံရှိ တောင်သဲများတွင် ပိုကြီးသောအရွယ်များ ပါဝင်မှုများပါသည်။ ထို့ကြောင့် တောင်သဲကိုဝယ်ယူသုံးစွဲရပါက လေးလေးနက်နက် စစ်ဆေးနိုင်မည်ဟု မမျှော်လင့်ပေ။

(တောင်သဲနှင့် မြစ်သဲ)

တောင်သဲ (တောင်ခြေရှိ သဲမိုင်း)တွင် ၅မီလီမီတာထက်ကြီးသော ကျောက်သေးများအမြောက်အများ ပါဝင်ပါသည်။ ထို့ကြောင့် တောင်သဲကိုဝယ်ယူသုံးစွဲပါက အောက်ပါပုံတွင်ဖော်ပြထားသည့်အတိုင်း အရွယ်အစားကြီးသောကျောက်ခဲများစစ်ထုတ်ရန် ဆန်ခါချပေးရပါမည်ဖြစ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.8-1 သဲဆန်ခါချခြင်း (၂၀၁၉ ခုနှစ်၊ ကုန်းနီ ကမ်းပါးဆောက်လုပ်ရေး)**

အခြားသဲအမျိုးအစားတစ်ခုမှာ မြစ်သဲဖြစ်ပါသည်။ မြစ်သဲသည် မြစ်မှအများဆုံးထုတ်ယူသောသဲဖြစ်သည်။ အရွယ်အစားမှာ တောင်သဲထက်သေးငယ်ပြီး ဆန်ခါချရန်မလိုအပ်ပေ။ သို့သော်လည်း မြစ်သဲဈေးနှုန်းသည် တောင်သဲ၏ဆန်ခါချပြီးဈေးနှုန်းထက် ပိုများပါသည် အကြောင်းမှာ အလုပ်သမားခသက်သာသောကြောင့်ဖြစ်သည်။ အကယ်၍ဆောက်လုပ်ရေးပမာဏသည်သေးငယ်(သို့)တိုးတောင်းပြီး အလုပ်သမားအလုံအလောက် ရှာမရပါက မြစ်သဲအသုံးပြုရန်အကြံပြုပါသည်။

## (3) ဘိလပ်မြေ

သာမန်အားဖြင့် ဘိလပ်မြေ၏အရည်အသွေးသည် ထုတ်လုပ်သူ၏အသိအမှတ်ပြုလက်မှတ်ဖြင့် အာမခံချက်ပေးသည်။ မြန်မာနိုင်ငံတွင် အဆိုပါလက်မှတ်မျိုး တွင်တွင်ကျယ်ကျယ်အသုံးမပြုပေ။ အသိအမှတ်ပြုလက်မှတ်အစား ယုံကြည်စိတ်ချရသော အမှတ်တံဆိပ်အချို့ကို အသုံးပြုကြပါသည်။

## 3.8.2 တိုးတက်မှု စစ်ဆေးခြင်း

နန်းထိန်းတမံ၊ ရေလမ်းကြောင်းနှင့် ရေလွှဲလမ်းကြောင်းတို့၏ အခြေအနေများသည် အချိန်နှင့်အမျှ ပြောင်းလဲပါသည်။ အထူးသဖြင့် နန်းထိန်းတမံ တည်ဆောက်ပြီးသည့်အခါ ၎င်း၏မြေအောက်အစိတ်အပိုင်းများကို မမြင်နိုင်ပေ။ ထို့ကြောင့် တစ်ဆင့်ချင်းစစ်ဆေးရမည်ဖြစ်ပါသည်။ စစ်ဆေးမှု၏ရလဒ်ကို ပုံကြမ်းနှင့်တကွ နေ့စဉ်အစီရင်ခံစာတွင်ဖော်ပြရပါမည်။ အဆိုပါပုံကြမ်းကို စာတမ်း၏ နောက်အပိုင်းတွင်ဖော်ပြထားပါသည်။

## (1) နန်းထိန်းတမံ

1) မြေတူးလုပ်ငန်းကိုစစ်ဆေးခြင်း

မြေတူးပြီးသည့်အခါ အောက်ခြေအတိုင်းအတာ၊ level တို့ကို ဓါတ်ပုံနှင့်တကွ စစ်ဆေးရမည်ဖြစ်ပါသည်။ အောက်ပါပုံတွင်ပြထားသည့်အတိုင်း အဆောက်အအုံ တိုင်းတာမှု(တိုင်..စသည်ဖြင့်) လည်းလိုအပ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ3.8-2 နန်းထိန်းတမံ၏ မြေတူးခြင်းလုပ်ငန်း စစ်ဆေးခြင်း (2019 ကုန်းနီကျေးရွာဆောက်လုပ်ရေး)**

2) ပန်းရံလုပ်ငန်း စစ်ဆေးခြင်း

ပန်းရံလုပ်ငန်း ၅၀ စင်တီမီတာ ပြီးသွားသောအခါ ၎င်း၏အတိုင်းအတာနှင့် ပန်းရံလုပ်ငန်းအခြေအနေကို ဓါတ်ပုံနှင့်တကွ စစ်ဆေးရမည်ဖြစ်ပါသည်။




ဇစ်မြစ် - JICA ကျွမ်းကျင်ပညာရှင်အဖွဲ့ (2020)

**ပုံ 3.8-3 နန်းထိန်းတမံ၏ ပန်းရံလုပ်ငန်းကို စစ်ဆေးခြင်း(2019 ကုန်းနီကျေးရွာ ဆောက်လုပ်ရေး)**

## (2) ရေလမ်းကြောင်း

ကျောက်စီလုပ်ငန်းလုပ်ဆောင်စဉ်အတွင်း ကျောက်စီချထားမှုကို ဂရုတစ်စိုက်စစ်ဆေးရမည်။ ကျောက်များအကြား အဟနှင့် ကြံခိုင်မှုကိုစစ်ဆေးရမည်။ လုပ်ငန်းပြီးသွားသောအခါ socket အရွယ်အစား၊ အလျား၊ အနံ တို့ကိုစစ်ဆေးပြီး နေ့စဉ်အစီရင်ခံစာတွင် မှတ်သားထားရမည်ဖြစ်ပါသည်။

### (3) ရေလွှဲလမ်းကြောင်း

ရေလွှဲလမ်းကြောင်းတူးဖော်ပြီးပါက အလျား၊ အနံ၊ အနက် တို့ ကိုစစ်ဆေးပြီး နေ့ စဉ်အစီရင်ခံစာတွင် မှတ်သားထားရမည်ဖြစ်ပါသည်။

## 3.9 (အခန်း ၉) ဆောက်လုပ်ရေး၏ မှတ်တမ်း

ဆောက်လုပ်ရေးအတွက်လိုအပ်သောမှတ်တမ်းများမှာ 1) နေ့ စဉ်အစီရင်ခံစာ၊ 2) ဆောက်လုပ်ရေး အစီအစဉ်ဇယား၏ အောင်မြင်မှု၊ 3) ဒီဇိုင်းပြောင်းလဲမှုမှတ်တမ်းနှင့် 4) as build drawing တို့ ဖြစ်ကြပါ သည်။

### 3.9.1 နေ့ စဉ်အစီရင်ခံစာ

နောက်ဆက်တွဲ (၉)တွင်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းအားလုံးနှင့် ပစ္စည်းရောက်ရှိမှုပမာဏ(သို့ ) ပစ္စည်းသုံးစွဲမှုပမာဏကို နေ့ စဉ်အစီရင်ခံစာတွင် မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ နေ့ စဉ်အစီရင်ခံစာတွင် ပါဝင်သောအရာများမှာ 1) အခြေခံသတင်းအချက်အလက်(ရက်စွဲ၊နေရာ၊ ဆောက်လုပ်ရေးလုပ်ငန်းအမည်၊ ရာသီဥတု...စသည်ဖြင့်)၊ 2) လုပ်ငန်းအမျိုးအစား၊ 3) အလုပ်သမားများ၏ သတင်းအချက်အလက်၊ 4) ပစ္စည်းရောက်ရှိမှု သတင်းအချက်အလက်နှင့် 5) စစ်ဆေးခြင်းအပါအဝင် လုပ်ငန်းများ၏ ပုံကြမ်းများ စသည် တို့ ဖြစ်ပါသည်။

### 3.9.2 ဆောက်လုပ်ရေး အစီအစဉ်ဇယား၏ ကြိုတင်အစီအမံနှင့်အောင်မြင်မှု (plan & achievement) ကိုနှိုင်းယှဉ်ခြင်း

ဆောက်လုပ်ရေး အစီအစဉ်ဇယားကို bar-chart ဖြင့်ပြင်ဆင်ရေးဆွဲထားပါသည်။ chart တွင် စကေး(၃)မျိုး ရှိပါသည်။ i) အဆောက်အအုံတစ်ခုအတွက် ဆောက်လုပ်ရေး အစီအစဉ် ဇယား၊ ii) အဆောက်အအုံ အများအတွက် ဆောက်လုပ်ရေး အစီအစဉ်ဇယားနှင့် iii) Mobilization, Demobilization တို့ အပါအဝင် အလုံးစုံ ဆောက်လုပ်ရေး အစီအစဉ်ဇယား တို့ ဖြစ်ကြပါသည်။ ၎င်းတို့ ကို ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းစတင်သောအခါ ကြိုတင်စီမံထားသည့်လုပ်ငန်းပမာဏသည် အမှန်တကယ် လုပ်ငန်းပမာဏနှင့် ကွဲလွဲနိုင်ပါသည်။ သို့ ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်း ပြီးဆုံးသည်အထိ ကြိုတင် စီမံထားမှုနှင့် အမှန်တကယ်တိုးတက်မှုအကြားနှိုင်းယှဉ်ချက်ကို အခြေခံကာ ဆောက်လုပ်ရေးလုပ်ငန်း၏ တိုးတက်မှုအခြေအနေကို တွက်ချက်ရမည်ဖြစ်ပါသည်။ ထို့ ကြောင့် လုပ်ငန်းတိုးတက်မှုကို စီမံခန့် ခွဲနိုင် ရန်အတွက် နေ့ စဉ်တိုးတက်မှုအခြေအနေကို bar-chart ဇယားတွင် မှတ်သားထားရန် အလွန်အရေးကြီး ပါသည်။ နောက်ဆက်တွဲ(၁၀)တွင် ဆောက်လုပ်ရေး အစီအစဉ် ဇယား၏ နမူနာပုံစံကို ဖော်ပြထား ပါသည်။

### 3.9.3 ဒီဇိုင်းပြောင်းလဲမှု မှတ်တမ်း

ဒီဇိုင်း drawing များကိုပြင်ဆင်ရာတွင် များသောအားဖြင့် ကြမ်းပြင်ကျောင်းဆောင်ကို ဖောက်ထွင်းတိုင်းတာ(boring survey) အတည်ပြုပြီးမှ ဒီဇိုင်းပြင်ဆင်ခြင်းမဟုတ်သောကြောင့် မှန်းဆချက်အချို့ ပါဝင်ပါသည်။ ထို့ ကြောင့် မှန်းဆထားသည့်အချက်အလက်များကို စစ်ဆေးရမည်ဖြစ်ပြီး ကွဲလွဲမှုများအား မှတ်သားထားရပါမည်။ ဒီဇိုင်းနှင့် အမှန်တကယ်အခြေအနေအကြားကွဲလွဲချက်ကိုအခြေခံ၍ ဒီဇိုင်းများကို ပြန်လည်ပြုပြင်ရပါမည်။ နောက်ဆက်တွဲ (၁၁)တွင် ဒီဇိုင်းပြောင်းလဲမှုမှတ်တမ်းပုံစံကို ဖော်ပြထားပါသည်။

### 3.9.4 As build drawing

ဆောက်လုပ်ရေးလုပ်ငန်းပြီးဆုံးသွားသောအခါ ပြီးစီးသွားသည့် အဆောက်အအုံ၏ ဒီဇိုင်း drawing ကို "as build drawing"အဖြစ် ပြန်လည်ပြုပြင်မွမ်းမံရပါသည်။ အဆိုပါ "as build drawing" ကို နောင်တစ်ချိန် ကမ်းပါးပြိုမှုထိန်းချုပ်ရေးအစီအမံများ ကောင်းကောင်းအလုပ်မလုပ်သည့်အခါ (သို့ ) ပျက်စီးသွားသည့်အခါ တွင် အသုံးပြုရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ဖြစ်ရသောအကြောင်းရင်းကိုသိနိုင်ရန် site ထဲတွင် "as build drawing" နှင့် စစ်ဆေးရမည်ဖြစ်ပါသည်။ အဆောက်အအုံအားလုံးတွင် အဆိုပါကောင်းကျိုးနှင့် ဆိုးကျိုး နှစ်မျိုးစလုံးရှိပါသည်။ အဆိုပါကောင်းကျိုး၊ ဆိုးကျိုးအချက်အလက်များကို ပိုမိုကောင်းမွန်သော စီစဉ်ပြင် ဆင်မှုများ၊ ဒီဇိုင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသွားရမည်ဖြစ်ပါသည်။ နောက်ဆက်တွဲ (၁၂)တွင် "as build drawing" ပုံစံကိုဖော်ပြထားပါသည်။

## 3.10 (အခန်း ၁၀) စောင့်ကြည့်လေ့လာခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

ကမ်းပါးပြိုမှုထိန်းချုပ်ရေး အဆောက်အအုံများ၏ဒီဇိုင်းများကို ယူဆချက်အချို့အပေါ်အခြေခံကာရေးဆွဲခဲ့ပါ သည်။ တစ်ခါတစ်ရံခန့်မှန်းထားသည်ထက် ပို၍မိုးကြီးနိုင်ပါသည်။ ကမ်းပါးပြိုမှုထိန်းချုပ်ရေး အဆောက် အအုံများသည် အခြားအဆောက်အအုံများနှင့် မတူပဲထိခိုက်ပျက်စီးနိုင်ပြီး ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြုပြင်ရန်လိုအပ်ပါသည်။ ထို့ပြင် တစ်ခါတစ်ရံမျှော်လင့်မထားသည့် ပြင်ပအကြောင်းရင်းများကြောင့် ပြန် လည်တည်ဆောက်ရန်လိုအပ်သည်အထိရှိလာနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ကမ်းပါးပြိုမှုထိန်းချုပ်ရေးသည် ပြီးပြည့်စုံမှုမရှိသေးပဲ မသိသေးသော အကြောင်းရင်းများ များစွာရှိပါသည်။ ထို့ကြောင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများအပေါ် စောင့်ကြည့်လေ့လာခြင်းသည် i)ရေရှည်အသုံးပြုရန်အတွက် အ ဆောက်အအုံများ၏အနေအထားကို အကောင်းဆုံးထိန်းသိမ်းရန်နှင့် ii) အနာဂတ်တွင် အစီအစဉ်ရေးဆွဲ ခြင်း၊ ဒီဇိုင်းနှင့်ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် နည်းပညာများတိုးတက်လာစေရန်အတွက် အရေးကြီး ပါသည်။

### 3.10.1 စောင့်ကြည့်လေ့လာရေး အစီအစဉ်

အခြေခံအားဖြင့် စောင့်ကြည့်လေ့လာရေးကို တစ်နှစ်တစ်ကြိမ်ဆောင်ရွက်ပါသည်။

ကမ်းပါးပြိုမှုထိန်းချုပ်ရေး အဆောက်အအုံများသည် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်း မိုးရာသီကြာ မြင့်ခြင်းကြောင့် ထိခိုက်ပျက်စီးသည့် အန္တရာယ်ရှိလာနိုင်ပါသည်။ ထို့ကြောင့် မိုးရာသီပြီးလျှင် အဆောက် အအုံ၏အခြေအနေကိုစစ်ဆေးရမည်ဖြစ်ပြီး ထိခိုက်ပျက်စီးမှုအချို့ရှိပါက နောင်လာမည့်မိုးရာသီအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြုပြင်ရမည်ဖြစ်ပါသည်။

ဤစာတမ်းတွင် အကြံပြုထားသော တန်ပြန်မှုအစီအမံများသည် ကြီးမားခက်ခဲသောအဆောက်အအုံများ အတွက်မဟုတ်ပေ အဘယ်ကြောင့်ဆိုသော် အဆောက်အအုံများ၏အဓိကရည်ရွယ်ချက်မှာ သဘာဝပေါက် ပင်များမှ သဘာဝအလျောက်ပြန်လည်ပေါက်ရောက်ဖုံးလွှမ်းနိုင်သည့်စွမ်းအားကို အထောက်အကူပြုစေရန် ဖြစ်ပါသည်။ ဤအချက်သည် ကျွမ်းကျင်ပညာရှင်များအားလုံးမှ ပြဿနာများကို မည်ကဲ့သို့ဖြေရှင်းရမည်ကို ထည့်သွင်းစဉ်စားကြသည့်အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်ပါသည်။ ဘတ်ဂျက်အမြောက်အများရနိုင်ပါက ကမ်းပါးအားလုံး၏လျှောစောက်များ၊ ကမ်းပါးကြမ်းပြင်၊ ကမ်းပါးထိပ်ဂတို့ကို ဖြတ်ထုတ်ပြီး ကွန်ကရစ်ဖြင့် ဆောက်လုပ်နိုင်ပါသည်။ ၄င်းသည် "scrap & build" ၏သဘောတရားဖြစ်ပြီး အဆောက်အအုံတည် ဆောက်ခြင်းနှင့် အလားသဏ္ဍာန်တူသည်။ သို့သော်လည်း ဤစာတမ်းတွင်ဖော်ပြထားသော အခြေခံ သဘောတရား "basic concept" သည် ဂျပန်နိုင်ငံရှိ တောင်ထိန်းသိမ်းရေးလုပ်ငန်းကိုအခြေခံ၍ ပြင်ဆင်

ထားသည့် အခြေခံသဘောတရားဖြစ်ပါသည်။ ဤသဘောတရား၏ နည်းစနစ်များသည် အရာအားလုံးကို အလုံးစုံထိန်းချုပ်လိုမှုမရှိ (သို့) သဘာဝတရားကိုသိမ်းပိုက်လိုခြင်းမရှိပဲ သဘာဝကပြန်လည်နလန်ထူလာနိုင်စွမ်းရှိသည်ဟုယုံကြည်ပြီး ၎င်းကိုအထောက်အကူပြုပေးရန်သာ လိုအပ်သည်ဟု ယုံကြည်ပါသည်။ ထို့ပြင် အဆောက်အအုံများသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် အကျိုးထိရောက်မှုအများဆုံးရရှိရန် ရည်မှန်းထားကြပါသည်။ အဆိုပါသဘောတရားကို အခြေခံ၍တည်ဆောက်သော အဆောက်အအုံများသည် တစ်ခါတစ်ရံပြီးပြည့်စုံမှုမရှိပဲ ထိခိုက်ပျက်စီးမှုများရှိပါသည်။ ထို့ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုရှိသည်ကိုတွေ့ရှိပါက ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းလုပ်ဆောင်ပေးရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အဆောက်အအုံသက်တမ်းကိုကြာရှည်စေပါသည်။ ထိခိုက်ပျက်စီးမှုများအားစောင့်ကြည့်လေ့လာမှု လုပ်ဆောင်ခြင်းမှ တွေ့ရှိခြင်းသည် ကမ်းပါးပြိုမှုထိန်းချုပ်ရေးနှင့် ကမ်းပါးပြန်လည်ကောင်းမွန်လာရေး လုပ်ဆောင်ရန်အတွက်"စောင့်ကြည့်လေ့လာရေး"သည် အရေးကြီးဆုံးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းကို ဖော်ပြနေပါသည်။

### 3.10.2 စောင့်ကြည့်လေ့လာရေး နည်းလမ်း

ကျွမ်းကျင်ပညာရှင်များမှ အဆောက်အအုံများ၏ အခြေအနေကိုစစ်ဆေးမည်။ ထို့နောက် အဆောက်အအုံနှင့် "as build drawing" ကိုနှိုင်းယှဉ်မည်။ တစ်စုံတစ်ခုကွဲလွဲနေပါက ပြုပြင်ရန်လို/မလိုကို ကျွမ်းကျင်ပညာရှင်များက ဆုံးဖြတ်ရန်လိုအပ်ပါသည်။ စောင့်ကြည့်လေ့လာရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး ၎င်းတို့သည် ထိခိုက်ပျက်စီးမှုအဖြစ်များသော အစိတ်အပိုင်းများဖြစ်ပါသည်။

(နန်းထိန်းတမံ)

1) နန်းထိန်းတမံ၏အောက်ဘက်အစွန်းနှင့် ရေလမ်းကြောင်း၏ ဆက်သွယ်မှုအစိတ်အပိုင်း
2) နန်းထိန်းတမံ၏ တောင်ပံနစ်ဖက်စလုံး၊ အထူးသဖြင့် လျှောစောက်နှင့်ဆက်သွယ်ထားသည့်အပိုင်းနှင့်
3) နန်းထိန်းတမံကိုယ်ထည်ပေါ်ရှိ အက်ကြောင်း

(ရေလမ်းကြောင်း)

1) နန်းထိန်းတမံသို့ ဆက်သွယ်ထားသည့်အပိုင်း၊ အထူးသဖြင့် ရေလမ်းကြောင်း၏အပေါ်ဘက်
2) ပြုတ်ထွက်သွားသောကျောက်အပေါက်များ(သို့) မငြိမ်သောကျောက်များ
3) ဘေးနစ်ဖက်လုံးနှင့် လေးထောင့်ကွက်၏ အောက်ဘက်အပိုင်းနှင့်
4) ရေလမ်းကြောင်း၏ဘေးနစ်ဖက်လုံး

(ရေလွှဲလမ်းကြောင်း)

1) မြေဖို့ထားသည့်အပိုင်းနှင့်
2) ရေလွှဲလမ်းကြောင်း ဘေးနစ်ဖက်လုံး၏ ပြိုကျမှု

### 3.10.3 စောင့်ကြည့်လေ့လာရေး မှတ်တမ်း

အဆောက်အအုံများ၏ အခြေအနေကိုစစ်ဆေးစဉ် ၎င်းအဆောက်အအုံများ၏ တည်ဆောက်စဉ်ကာလနှင့် စောင့်ကြည့်လေ့လာမှုလုပ်ဆောင်သည့်ကာလရှိ ဓါတ်ပုံများကိုနှိုင်းယှဉ်နိုင်ရန် တူညီသည့်နေရာများမှ ဓါတ်ပုံရိုက်ယူရမည်ဖြစ်ပြီး ထိခိုက်ပျက်စီးမှု၊ ပျက်စီးမှုဖြစ်ရသည့်အကြောင်းရင်းများ၊ မည်ကဲ့သို့ပြုပြင်မည်စသော နည်းစနစ်အစီအမံများကို ကွင်းဆင်းဆောင်ရွက်မှုမှတ်စု "Field note" တွင် မှတ်သားထားရမည်ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာမှု၏ ရလဒ်များကို စောင့်ကြည့်လေ့လာမှုအစီခံစာအတွက် အသုံးပြုမည်

ဖြစ်ပါသည်။ နောက်ဆက်တွဲ (၁၃) တွင် စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ ပုံစံကိုဖော်ပြထားပါသည်။

### 3.10.4 ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း

ထိခိုက်ပျက်စီးမှုတွေ့ရှိပါက ပြုပြင်ရမည်ဖြစ်ပါသည်။ ပြုပြင်မှုမပြုလုပ်မီ ထိခိုက်ပျက်စီးမှုဖြစ်ရသည့် အကြောင်းရင်းနှင့် နောင်လာမည့်တည်ဆောက်ရေးလုပ်ငန်းနှင့် ဒီဇိုင်းအတွက် နည်းစနစ်အစီအမံများကို ထည့်သွင်းစဉ်းစားရမည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ကမ်းပါးပြိုမှုထိန်းချုပ်ရေး၏ နည်းစနစ်များ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

---စာတမ်းပြီးဆုံးပါပြီ---

# နောက်ဆက်တွဲ စာရင်း

နောက်ဆက်တွဲ (၁)   ကမ်းပါးအခြေအနေဖြည့်သွင်းခြင်း မှတ်တမ်း(နမူနာပုံစံ)

[Field Note Example]:



နောက်ဆက်တွဲ (၂) plan view drawing (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)



နောက်ဆက်တွဲ (၃) Longitudinal profile (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)



နောက်ဆက်တွဲ (၄) Cross section drawing (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)



နောက်ဆက်တွဲ (၅) ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Volume Calculation As build

No. 1 Check Dam (improve) 19-06

1. Volume of Masonry

F - block

a= 5.1 [m]
b= 0.2 [m]
A= 2.0 [m]
B= 0.4 [m]
H= 1.5 [m]

V=h6(Ab+aB+2(ab+AB))
V1= 1.52 [m3]

A~E - block

| block | area (m2) | width (m) | Volume |
|---|---|---|---|
| A | 0.21 | 1.0 | 0.21 |
| B | 0.24 | 1.0 | 0.24 |
| C | 0.33 | 1.0 | 0.33 |
| D | 0.36 | 1.0 | 0.36 |
| E | 0.10 | 1.0 | 0.10 |
| subtotal | | | 1.24 |

G - block

a= 5.1 [m]
b= 0.2 [m]
A= 2.0 [m]
B= 0.3 [m]
H= 1.0 [m]

V=h6(Ab+aB+2(ab+AB))
V1= 0.86 [m3]

A~E+F+G
1.24 + 1.52 + 0.86
= 3.62 [m3]

Volume Calculation As build

No. 2 Check Dam (new) 19-06

1. Volume of Masonry
(1) whole structure
a= 4.5 [m]
b= 1.0 [m]
A= 1.7 [m]
B= 1.8 [m]
H= 2.0 [m]

V=h6(Ab+aB+2(ab+AB))
V1= 8.31 [m3]

(2) detection
A= 0.27 [m2]
Width= (1.0+1.1)/2
1.05 [m]
V2= 0.14 [m3]

(3) Volume
V= V1-V2
V= 8.17 [m3]

No. 3 Check Dam (new) 19-06

1. Volume of Masonry
(1) whole structure
a= 3.1 [m]
b= 1.0 [m]
A= 2.0 [m]
B= 1.5 [m]
H= 1.2 [m]

V=h6(Ab+aB+2(ab+AB))
V1= 3.77 [m3]

(2) detection
A= 0.27 [m2]
Width= (1.0+1.1)/2
1.05 [m]
V2= 0.14 [m3]

(3) Volume
V= V1-V2
V= 3.63 [m3]

# နောက်ဆက်တွဲ (၅)   ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Material Volume Calculation

No. 4 Check Dam (improve) 19-06

1. Volume of Masonry

F - block

a= 2.4 [m]
b= 0.2 [m]
A= 1.0 [m]
B= 0.6 [m]
H= 1.3 [m]

V=h6(Ab+aB+2(ab+AB))
V1= 0.82 [m3]

G - block

a= 2.4 [m]
b= 0.2 [m]
A= 1.0 [m]
B= 0.3 [m]
H= 1.1 [m]

V=h6(Ab+aB+2(ab+AB))
V1= 0.45 [m3]

A~E - block

| block | area (m2) | width (m) | Volume |
|---|---|---|---|
| A | 0.08 | 1.0 | 0.08 |
| B | 0.14 | 1.0 | 0.14 |
| C | 0.23 | 1.0 | 0.23 |
| D | 0.09 | 1.0 | 0.09 |
| E | 0.01 | 1.0 | 0.01 |
| subtotal | | | 0.55 |

A ~ E + F + G
0.82 + 0.45 + 0.55
= 1.82 [m3]

Volume Calculation    After modification at site

## No. 5 Check Dam (new) 19-06

1. Volume of Masonry
(1) whole structure
a= 3.7 [m]
b= 0.7 [m]
A= 1.0 [m]
B= 1.0 [m]
H= 1.0 [m]

V=h6(Ab+aB+2(ab+AB))
V1= 1.93 [m3]

(2) detection
A= 0.13 [m2]
Width= (0.7+0.7)/2
0.7 [m]
V2= 0.05 [m3]

(3) Volume
V= V1-V2
V= 1.88 [m3]

## No. 6 Check Dam (new) 19-06

1. Volume of Masonry
(1) whole structure
a= 2.7 [m]
b= 0.7 [m]
A= 1.0 [m]
B= 1.0 [m]
H= 1.0 [m]

V=h6(Ab+aB+2(ab+AB))
V1= 1.53 [m3]

(2) detection
A= 0.13 [m2]
Width= (0.7+0.7)/2
0.7 [m]
V2= 0.05 [m3]

(3) Volume
V= V1-V2
V= 1.48 [m3]

## No. 7 Check Dam (new) 19-06

1. Volume of Masonry
(1) whole structure
a= 2.7 [m]
b= 0.7 [m]
A= 1.0 [m]
B= 1.0 [m]
H= 1.0 [m]

V=h6(Ab+aB+2(ab+AB))
V1= 1.53 [m3]

(2) detection
A= 0.13 [m2]
Width= (0.7+0.7)/2
0.7 [m]
V2= 0.05 [m3]

(3) Volume
V= V1-V2
V= 1.48 [m3]

နောက်ဆက်တွဲ (၅) ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Material Volume Calculation

No. 1 Gully head protection 19-06 As build

1. Volume of Masonry

A ~ C - block

| | | | |
|---|---|---|---|
| L= | 3.8 + (1.1+0.9)/2 | 4.8 | [m] |
| A= | 0.45+0.14+0.45 | 1.04 | [m] |
| V= | | 4.99 | [m3] |

D - block

| | | | |
|---|---|---|---|
| A= | | 0.17 | [m2] |
| L= | 1.1 + 1.1 | 2.2 | [m] |
| V= | | 0.37 | [m3] |

Apron

| | | | |
|---|---|---|---|
| A= | 1.4 * 0.2 | 0.28 | [m2] |
| L= | | 3.8 | [m] |
| V= | | 1.06 | [m3] |

Girdle

| | | |
|---|---|---|
| a= | 1.7 | [m] |
| A= | 0.3 | [m] |
| b= | 1.7 | [m] |
| B= | 0.45 | [m] |
| H= | 0.5 | [m] |

Total volume of Masonry
A~C + D + Apron + Girdle
6.74 [m3]

V=h6(Ab+aB+2(ab+AB))

V1= 0.32 [m3]

## နောက်ဆက်တွဲ (၅)   ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| Volume od Water Channel | | | As build | | | | | | |
| | | | | | | | | | |
| Dry Stone | | | | | | | | | |
| No. | L (m) | W (m) | D (m) | A (m2) | V (m3) | avg. W (m) | Total L | Total A | Total V |
| No.1 | 3.1 | 1.5 | 0.15 | 4.65 | 0.70 | 1.5 | 3.1 | 4.65 | 0.70 |
| No.2 | 5 | 0.8 | 0.15 | 4.00 | 0.60 | 1.3 | 9 | 12.00 | 1.80 |
| | 4 | 2 | 0.15 | 8.00 | 1.20 | | | | |
| No.3 | 2.6 | 0.8 | 0.15 | 2.08 | 0.31 | 0.8 | 10 | 8.18 | 1.23 |
| | 1.2 | 0.7 | 0.15 | 0.84 | 0.13 | | | | |
| | 3.2 | 0.8 | 0.15 | 2.56 | 0.38 | | | | |
| | 3 | 0.9 | 0.15 | 2.70 | 0.41 | | | | |
| No.4 | 7.6 | 0.6 | 0.15 | 4.56 | 0.68 | 0.6 | 7.6 | 4.56 | 0.68 |
| No.5 | 3.7 | 1.6 | 0.15 | 5.92 | 0.89 | 2.2 | 5.2 | 11.32 | 1.70 |
| | 1.5 | 3.6 | 0.15 | 5.40 | 0.81 | | | | |
| No.6 | 6.1 | 0.7 | 0.15 | 4.27 | 0.64 | 0.7 | 6.1 | 4.27 | 0.64 |
| No.7 | 17.9 | 0.7 | 0.15 | 12.53 | 1.88 | 0.7 | 17.9 | 12.53 | 1.88 |
| | | | | | 8.63 | | | | |
| | | | | | | | | | |
| Masonry Girdle | | | | | | | | | |
| No. | | L (m) | W (m) | H (m) | V (m3) | | | | |
| No.1 W.C. | Girdle 1 | 1.3 | 0.3 | 0.5 | 0.20 | | | | |
| | Girdle 2 | 1.3 | | 0.5 | | | | | |
| | | 0.2 | | 0 | | | | | |
| | | 0.75 | 0.7 | 0.25 | 0.13 | | | | |
| | Subtotal | | | | 0.33 | | | | |
| No.3 W.C. | Girdle | 0.8 | 0.3 | 0.5 | 0.12 | | | | |
| No.5 W.C. | Girdle | 1.7 | 0.3 | 0.5 | 0.26 | | | | |
| Total | | | | | 0.71 | | | | |

နောက်ဆက်တွဲ

ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

## နောက်ဆက်တွဲ (၅) ပစ္စည်းပမာဏတွက်ချက်မှုစာရွက် (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Material volume calculation of Masonry Structures (Kon Ni Gully) 2019 — As build

(1) Masonry volume

| Structure | Plnned Volume | As-build volume | unit | Remarks |
|---|---|---|---|---|
| No.1 check dam | 7.92 | 3.62 | [m3] | |
| No.2 check dam | 8.94 | 8.17 | [m3] | |
| No.3 check dam | 3.63 | 3.63 | [m3] | |
| No.4 check dam | 3.98 | 1.82 | [m3] | |
| No.1 gully head protection | 3.54 | 6.74 | [m3] | Apron was added |
| No.5 check dam | - | 1.88 | [m3] | Consytucted additonally |
| No.6 check dam | - | 1.48 | [m3] | Consytucted additonally |
| No.7 check dam | - | 1.48 | [m3] | Consytucted additonally |
| No.1 Water channel | | 0.33 | [m3] | Girdle |
| No.3 Water channel | | 0.12 | [m3] | Girdle |
| No.5 Water channel | | 0.26 | [m3] | Girdle |
| total | 28.01 | 29.53 | [m3] | |

Volume of stone, cement, and sand / masonry (for 2.83168 m3)

| | | |
|---|---|---|
| Stone | 3.53961 | [m3] |
| Cement | 408.233 | [kg] |
| Sand | 0.849505 | [m3] |
| Ratio= | 10.42843824 | |

[ 29.53 / 2.83168 ]

(2) Material Volume (Asbuild)

| | | | | |
|---|---|---|---|---|
| (1) Stone | = 3.53961 | * 10.42843824 | 36.91 | [m3] |
| (2) Cement | = 408.233 | * 10.42843824 | 4,257.23 | [kg] |
| (3) Sand | = 0.849505 | * 10.42843824 | 8.86 | [m3] |

(3) Material volume for purchase (include ross ratio)

Loss ratio= 0.1

| Material | Planned Valume with 10% loss | As-build volume | unit |
|---|---|---|---|
| (1) Stone for masonry | 38.51 | 36.91 | [m3] |
| Stone for water channel | 21.00 | 8.63 | [m3] |
| Ston total | 59.51 | 45.54 | [m3] |
| (2) Cement | 4441.91 | 4,257.23 | [kg] |
| (3) Sand | 9.24 | 8.86 | [m3] |

(4) Delivered material

| Designed Volume: A | Delivered Volume: B | by Calculation<br>Remaining Volume: C = B-A |
|---|---|---|
| 1) Stone<br>45.54 [m3] = | 52.77 [m3] | 7.23 [m3] |
| about 1 truck volume was remained actually. ---> | 4.5 [m3] | |
| 2) Cement<br>4,257.23 [kg] = | 4,450 [kg] | 3.8554 [bag]<br>192.77 [kg] |
| about 2 bags (100kg) were remained actually. ---> | 100 [kg] | |
| 3) Sand<br>9.24 [m3] = | 13.22 [m3] | 3.98 [m3] |
| no remaining sand actually.---> | 0 [m3] | |

(5) Comparison between Calculated and Used material (actually)

| Item | Calculated Volume: A | Used Volume: B | Ratio (B/A) |
|---|---|---|---|
| Stone | 45.54 [m3] | 48.27 [m3] | 1.06 |
| Sand | 9.24 [m3] | 13.22 [m3] | 1.43 |
| Cement | 4,257.23 [kg] | 4,350 [kg] | 1.02 |

(6) Proposed loss ratio

| Item | Loss Ratio |
|---|---|
| Stone | 10% |
| Sand | 40% |
| Cement | 5% |

*July 2020*

# ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

## နောက်ဆက်တွဲ (၆) ကုန်ကျစရိတ်ခန့် မှန်းတွက်ချက်မှု (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Cost estimation of Pilot Activity [Gully erosion control work @ Kon Ni Village]

(1) Material cost

| Material | | Volume | unit | Purchase Volume | unit | unit Cost | unit | Cost (Ks) | unit |
|---|---|---|---|---|---|---|---|---|---|
| (1) Stone | | 56.43 | [m3] | 24 | [truck] | 65,000 | [Ks/truck] | 1,560,000 | [Ks] |
| (2) Cement | | 4,441.91 | [kg] | 89 | [bag] | 6,200 | [Ks/bag] | 551,800 | [Ks] |
| (3) Sand | | 10.04 | [m3] | 4 | [truck] | 35,000 | [Ks/truck] | 140,000 | [Ks] |
| Total Cost | | | | | | | | 2,251,800 | [Ks] |

(2) Labor cost

| Type | Amount (md/person) | person/ day | Amount (md) | unit | unit Cost | unit | Cost | unit |
|---|---|---|---|---|---|---|---|---|
| Skilled worker (Sr) | | | 30 | [md] | 12,000 | [Ks/md] | 360,000 | [Ks] |
| Skilled worker (Jr) | | | 90 | [md] | 10,000 | [Ks/md] | 900,000 | [Ks] |
| General worker | | | 358 | [md] | 8,000 | [Ks/md] | 2,864,000 | [Ks] |
| Total | | | | | | | 4,124,000 | [Ks] |

(3) Mixer lease cost (include generator, transport, fuel)

| Type | | Amount | unit | unit Cost | unit | Cost | unit |
|---|---|---|---|---|---|---|---|
| Mixer | | 10 | [day/set] | 30,000 | [Ks/set/day] | 300,000 | [Ks] |

(4) Small truck lease (include driver, fuel)

| Type | | Amount | unit | unit Cost | unit | Cost | unit |
|---|---|---|---|---|---|---|---|
| Small truck | | 15 | [day/set] | 30,000 | [Ks/set/day] | 450,000 | [Ks] |

Total Cost

| Item | | | Cost | unit | |
|---|---|---|---|---|---|
| (1) Material cost | | | 2,251,800 | [Ks] | 30.1 % |
| (2) Labor cost | | | 4,124,000 | [Ks] | 55.1 % |
| (3) Mixer lease cost (include generator, transport, fuel) | | | 300,000 | [Ks] | 4 % |
| (4) Small truck lease (include driver, fuel) | | | 450,000 | [Ks] | 6 % |
| Total | | | 7,125,800 | [Ks] | |
| (5) Miscellaneous | 7,125,800 | 5% | 356,290 | [Ks] | 4.8 % |

| Ground Total | 7,482,090 | [Ks] |
|---|---|---|
| | 0.00066 | |
| | 4,940 | [USD] |
| | 0.071 | |
| | 531,000 | [JPY] |

နောက်ဆက်တွဲ

ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

နောက်ဆက်တွဲ (၇) ဆောက်လုပ်ရေး အစီအစဉ်ဇယား (ကုန်းနီကျေးရွာ ကမ်းပါးဆောက်လုပ်ရေး)

Layout of Schedule as planned

1. Layout of schedule    Pilot Acivitiy of Guly Erosion Control at Kon Ni Village, Kalaw

As of July 9, 2019

Date July 2019

| Work item | Duration | Wed 26 | Thu 27 | Fri 28 | Sat 29 | Sun 30 | Mon 1 | Tue 2 | Wed 3 | Thu 4 | Fri 5 | Sat 6 | Sun 7 | Mon 8 | Tue 9 | Wed 10 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 0 Preparation | ( 7days ) | 1 | 1 | 1 | 1 | 1 | 1 | 1 | | | | | | | | |
| 1 Mobilization | ( 3days ) | | | 1 | | | 1 | 1 | | | | | | | | |
| 2 Material purchase | ( 2days ) | | | | | | | 1 | 1 | | | | | | | |
| 3 Temporary yard preparation | ( 3days ) | | | | | | | | 1 | 1 | 1 | | | | | |
| 4 Material arrivale at site | | | | | | | | | | | | | | | | |
| Stone | ( 5days ) | | | | | | | | | | | 1 | 1 | 1 | 1 | 1 |
| Cement | ( 2days ) | | | | | | | | | | | | | | 1 | 1 |
| Sand | ( 2days ) | | | | | | | | | | | | | | 1 | 1 |
| 5 Miscellaneous procurement | ( 3days ) | | | | | | | | 1 | 1 | 1 | | | | | |
| 6 Construction | ( 20days ) | | | | | | | | | | | 1 | 1 | 1 | 1 | 1 |
| 7 Demobilization | ( 4days ) | | | | | | | | | | | | | | | |

| Work item | Thu 11 | Fri 12 | Sat 13 | Sun 14 | Mon 15 | Tue 16 | Wed 17 | Thu 18 | Fri 19 | Sat 20 | Sun 21 | Mon 22 | Tue 23 | Wed 24 | Thu 25 | Fri 26 | Sat 27 | Sun 28 | Mon 29 | Tue 30 | Wed 31 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 0 Preparation | | | | | | | | | | | | | | | | | | | | | |
| 1 Mobilization | | | | | | | | | | | | | | | | | | | | | |
| 2 Material purchase | | | | | | | | | | | | | | | | | | | | | |
| 3 Temporary yard preparation | | | | | | | | | | | | | | | | | | | | | |
| 4 Material arrivale at site | | | | | | | | | | | | | | | | | | | | | |
| Stone | | | | | | | | | | | | | | | | | | | | | |
| Cement | | | | | | | | | | | | | | | | | | | | | |
| Sand | | | | | | | | | | | | | | | | | | | | | |
| 5 Miscellaneous procurement | | | | | | | | | | | | | | | | | | | | | |
| 6 Construction | 1 | 1 | 1 | 1 | 1 | | 1 | 1 | 1 | 1 | | 1 | 1 | 1 | 1 | 1 | 1 | | | | |
| 7 Demobilization | | | | | | | | | | | | | | | | | | 1 | 1 | 1 | 1 |

Mr. Imai will leave site on July 16.

Note 1: Preparation work includes; design and cost estimation with C/Ps

Note 2: Mobilization includes negotiation (site use agreement with Kon Ni village, workers recruitment with Kon Ni village, material procurement with suplliers)

Note 3: Miscellaneous procurement (safety goods,

နောက်ဆက်တွဲ

ကမ်းပါးပြိုမှုထိန်းချုပ်ရေး တန်ပြန်မှုအစီအမံ၏ လုပ်ငန်းစဉ်(မူကြမ်း)

နောက်ဆက်တွဲ (၈) အရေးပေါ်ချိတ်ဆက်မှုကွန်ယက် (နမူနာပုံစံ)



နောက်ဆက်တွဲ (၉)   နေ့စဉ်အစီရင်ခံစာ(နမူနာပုံစံ)



နောက်ဆက်တွဲ(၁၀)  ဆောက်လုပ်ရေး အစီအစဉ်ဇယား (နမူနာပုံစံ)

(1) Layout schedule (result)




Note 1: Preparation work includes; design and cost estimation with C/Ps
Note 2: Mobilization includes negotiation (site use agreement with Kon Ni village, workers recruitment with Kon Ni village, material procurement with suplliers)
Note 3: Miscellaneous procurement (safety goods,

: Plan
: Actual
: Revised Plan

နောက်ဆက်တွဲ(၁၀) ဆောက်လုပ်ရေး အစီအစဉ်ဇယား (နမူနာပုံစံ)

(2) Structure construction schedule (result)



နောက်ဆက်တွဲ(၁၀)  ဆောက်လုပ်ရေး အစီအစဉ်ဇယား (နမူနာပုံစံ)

(3) Detailed structure construction schedule (result)

| Structure | Work item | Fri 5 | Sat 6 | Sun 7 | Mon 8 | Tue 9 | Wed 10 | Thu 11 | Fri 12 | Sat 13 | Sun 14 | Mon 15 | Tue 16 | Wed 17 | Thu 18 | Fri 19 | Sat 20 | Sun 21 | Mon 22 | Tue 23 | Wed 24 | Thu 25 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| No.2 Water Channel (dry stone) | Marking on ground | | | | | | | | | | | | | | 1 | | | | | | | |
| | | | | | | | | | | | | | | | | | | | 1 | | | |
| | | | | | | | | | | | | | | 1 | | | | | | | | |
| | Excavation | | | | | | | | | | | | | | 1 | | | | | | | |
| | | | | | | | | | | | | | | | | | | | 1 | | | |
| | | | | | | | | | | | | | | 1 | | | | | | | | |
| | Stone installation | | | | | | | | | | | | | | | 1 | 1 | | | | | |
| | | | | | | | | | | | | | | | | | | | 1 | 1 | 1 | |
| | | | | | | | | | | | | | | 1 | | | | | | 1 | Completion | |
| No.2 Check dam (new by masonry) | Marking on ground | | 1 | | | | | | | | | | | | | | | | | | | |
| | | 1 | | | | | | | | | | | | | | | | | | | | |
| | Excavation | | 1 | 1 | 1 | | | | | | | | | | | | | | | | | |
| | | 1 | 1 | | | | | | | | | | | | | | | | | | | |
| | Masonry work | | | | | 1 | | 1 | | | | | | | | | | | | | | |
| | | | | | 1 | | 1 | | 1 | | 1 | | | | | | | | | | | |
| | Maintenance of Masonry | | | | | | 1 | | 1 | | | | | | | | | | | | | |
| | | | | | | 1 | | 1 | | 1 | | 1 | Completion | | | | | | | | | |

Masonry work → maintenance → masonry work

နောက်ဆက်တွဲ(၁၁) ဒီဇိုင်းပြောင်းလဲမှု မှတ်တမ်း (နမူနာပုံစံ)

Design change of No.2 Check Dam on daily report



နောက်ဆက်တွဲ(၁၂)  As build drawing (နမူနာပုံစံ)

(1) Plan view drawing



နောက်ဆက်တွဲ(၁၂) As build drawing (နမူနာပုံစံ)

(2) Longitudinal profile



နောက်ဆက်တွဲ(၁၂) As build drawing (နမူနာပုံစံ)

(3) Structure drawing (No.2 check dam)



(1) Monitoring report of each structure

| No.1 Water Channel | |
|---|---|
| Conpletion (End of July 2019) | After 6months (15 Feb. 2020) |
|  |  |
|  |  |
|  |  |

(2) Detailed monitoring report of major structure (water channel and check dam)

| No.1 Check dam and No.2 Water Channel | | | |
|---|---|---|---|
| Completion (End of July 2019) | After 1 month (02 Sep. 2019) | After 3 months (15 Nov. 2019) | After 6 months (15 Feb. 2020) |
|  |  |  |  |
|  |  |  |  |
| There are no damages on the structure. The height of check dam at the behind from the ground was reduced from 1.0m to 0.7m. The gully bed height was up 30cm during 1 rainy season without erosion. It shows the water channel protects the gully bed and the check dam supports the water channel. The combination works to stop erosion progress. | | | |

(3) Detailed monitoring report of major structure (water diversion channel)

| Water diversion | | | |
|---|---|---|---|
| Completion (End of July 2019) | After 1 month (02 Sep. 2019) | After 3 months (15 Nov. 2019) | After 6 months (15 Feb. 2020) |
|  |  |  |  |
|  |  |  |  |
| Decomposition of the plastic bags of water diversion has been progressed and the bags are almost become soil blocks. Excavation of the water diversion shall be carried out before the rain will start. It is considered the sand bags would not be used and small soil embankment would be used. | | | |